MYANMAR

# ICT JOURNAL

WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.

အိုင်စီတီ ဂျာနယ် | VOLUME 1, No. 13 THE WEEK OF MAY 7 - 13, 2012

WWW.MYANMARICT.COM



ADVERTISEMENT

se Soil Energy

Soil Energy Co., Ltd.

SCOPE OF OUR WORKS
- Construction
- Machinery
- Mining
- Trading

OFFICE
No 270, 4th Floor, Room (A), Pyay Road, Sanchaung Tsp., Yangon, Myanmar. Telephone: 01-502-593 Fax: 01-511-532
Email: admin@soilenergy.com Website: www.soilenergy.com

ADVERTISEMENT

AOC
Art Of Colors




## ရုပ်လုံးဖော် အနုပညာ

Page - 26

## Galaxy S III ထွက်ရှိလာပြီ

Page - 5

## Windows 8 ၏ မျက်နှာပြင်ထူးခြားမှုများ

Page - 10

## မိုဘိုင်းလ်ဖုန်း အင်တာနက် ခေါ်ဆိုခများ ပြင်ဆင်

Page - 4

## SCG ဘိလပ်မြေစက်ရုံမှ ပေးမည့် 18 သိန်းတန် ပညာသင်ဆု

Page - 8


KSTM
KAUNG SAY TAMAN
CAR SALES AND SERVICE CENTRE

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းလိုပါသလား ကောင်းစေတမန်မှ အပြည့်အဝ ဆောင်ရွက်ပေးနေပါသည်။



CIF US$5500++

မိမိနှစ်သက်ရာကားများကို စိတ်ကြိုက်ရွေးချယ်ပြီး မူရင်းဈေးအတိုင်း ဝယ်ယူနိုင်မည့် အပြင် ကားမှာယူခြင်း၊ လိုင်စင်လျှောက်ခြင်း၊ ကတ်ညနှ မှတ်ပုံတင်ခြင်း စသည့် ဝန်ဆောင်မှုများကို လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကောင်းစေတမန်သို့ ဆက်သွယ်ရန် Tel: +95 1 398 303, 250 909, +95 9 510 7724, +95 9 505 8756

**ဒို့တာဝန်အရေးသုံးပါး**

» ပြည်ထောင်စု မပြိုကွဲရေး။
» တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
» အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

» နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
» အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
» စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
» ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

» စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
» ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
» ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများကို ဖိတ်ခေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
» နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

» တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
» အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
» စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထမြောက်ရေး။
» တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CONTENTS

WHAT'SON 2
TEL.WEEKLY 5
ELECTRONICWEEKLY 6
EDUCATIONWEEKLY 8
PCWEEKLY 10
AD@ICT 11
PCWEEKLY 12
SHOPWEEKLY 14
PCDIY 15
MACWEEKLY 16
DRIVEWEEKLY 18
JOBS/CLASSIFIED I 20
CHEEKYGEEK 21
WORKPLACE 22
ART&DESIGN/FX 23
GAMEWEEKLY 24
NNOVATION/SCIENCE 26
HEALTH/SPORT 27
WHISTLEOUT 28
STREETWISE 29
WEBWORK 30
AD@ICT 31
AD@ICT 32

# မိုဘိုင်းလ်တယ်လီဖုန်းများ အင်တာနက် ဝန်ဆောင်မှုပေးမည့် နှုန်းထားများ ပြင်ဆင်

By YHT



မြန်မာ့ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တပ်ဆင်ပေးထားသော မိုဘိုင်းလ်ဖုန်းများအား အင်တာနက်ဝန်ဆောင်မှုကို မေလ ၇ ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်းသိရသည်။ ပြောင်းလဲသွားသောဝန်ဆောင်မှု နှုန်းထားများမှာ GSMကို အင်တာနက် တပ်ဆင်ခ ၁ သောင်းကျပ်နှင့် ယခင် ၁ မိနစ် ၄ ကျပ်အစား ၂ ကျပ်၊ WCDMA (3G) နှင့် CDMA 800 (EVDO) များကို အင်တာနက် တပ်ဆင်ခ ၁သောင်း ကျပ်နှင့် ၁ မိနစ် ကျသင့် ငွေ ၄ ကျပ် ဖြစ်သည့်အတွက် ပြောင်းလဲခြင်း မရှိကြောင်း သိရပါတယ်။

# Android OS သုံး BIRD Touch ဖုန်း ထွက်ရှိ

By YHT



W2 model နဲ့ BIRD အမျိုးအစား ဟန်းဆက်အသစ်ရန်ကုန် ဈေးကွက်ထဲသို့ မကြာသေးမီက ဝင်ရောက်လာပါတယ်။ BIRD ဟန်းဆက်များကို Java OS နဲ့ တရုတ်ဖုန်းလို့ အများက သိထားကြပါတယ်။ ယခု ထွက်ရှိလာတဲ့ ဖုန်းက Android OS ကို Version အနေနဲ့2.3.5 အသုံးပြုထားခြင်းဖြစ်ပြီး လက်ဖြင့် စေခိုင်းအသုံးပြုနိုင်တဲ့ Multi Touch ဖုန်းဖြစ်ပါတယ်။ အသုံးပြုနိုင်တဲ့ ကွန်ရက်အမျိုးအစားကတော့ GSM 850, 900, 1800, 1900 ဖြစ်ပြီး Multimedia ပိုင်းအနေနဲ့ FM Radio, MP3, MP4 တို့ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ Mobile TV System ပါဝင်တဲ့အတွက် MRTV 4 ရုပ်သံလိုင်းကို ဖမ်းယူကြည့်ရှုနိုင်ပြီး SIM Card နှစ်ခု ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Data များ Sharing လုပ်နိုင်ဖို့အတွက် Bluetooth, WiFi, GPS system များနဲ့ ဓါတ်ပုံ၊ ဗွီဒီယိုများ ရိုက်ကူးနိုင်ဖို့အတွက် ကင်မရာတစ်လုံး ပါဝင်ပါတယ်။

အဆိုပါ BIRD W2 ဟန်းဆက်ကို ZAY-LITE TECH မှ ရောင်းချခြင်းဖြစ်ပြီး ဟန်းဆက် ဝယ်ယူပါက Angry birds, Yahoo Messenger, facebook, Gmail, Fruit Ninja, Skype အစရှိသည့် Software များကို အခမဲ့ထည့်သွင်း ပေးမည်ဖြစ်ပြီး Memory 4GB ရှိတဲ့ Micro SD ကတ်တစ်ကတ်နှင့် ဖုန်းထည့်ရန် Leather ဖုန်းအိတ်ကို လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဟု သိရပါတယ်။ ဆက်သွယ် ဝယ်ယူလိုပါက ကျပ် ၁၁၀,၀၀၀ ဖြင့် ZAY-LITE TECH ဖုန်း ၀၁-၅၆၉-၉၆၆၊ ၀၉-၇၃၂၀၃၅၆၀ သို့ စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။

# Excellent မှ အရောင်းဆိုင်သုံး miniseller ဘားကုတ်ဆော့ဖ်ဝဲကို ဈေးနှုန်း အချိုသာဆုံးဖြင့် ဖြန့်ချိ

By YHT

မြန်မာ အင်္ဂလိပ်နှစ်ဘာသာပါရှိပြီး အရောင်းဆိုင်အားလုံးနီးပါး အသုံးပြုနိုင်သော ဘားကုတ်ဆော့ဖ်ဝဲတစ်မျိုးကို Excellent မှဈေးကွက်ထဲသို့ ဖြန့်ချိလိုက်ကြောင်း သိရပါတယ်။ အဆိုပါ software ကို မည်သူမဆိုအသုံးပြုနိုင်ရန်အတွက် လွယ်ကူရိုးရှင်းစွာပြုလုပ်ထားပြီး သုံးနည်းကိုလည်း မြန်မာဘာသာ video file ထည့်သွင်းပေးထားလို့ ကြည့်လိုက်ရုံဖြင့်မိနစ်ပိုင်းအတွင်း စတင်သုံးနိုင်အောင် စီစဉ်ထား ပြီး barcode scanner ဖြင့် တွဲဖက်အသုံးပြု နိုင်သလို manual လည်းသုံးနိုင်သည်ဟု သိရသည်။

"လက်ရှိအရောင်းဆိုင် အတော်များများမှာတော့ စာအုပ်နဲ့စာရင်းမှတ်တဲ့စနစ်ကိုပဲ အသုံးပြုနေကြတာများတယ်။ ဒီလိုဆော့ဖ်ဝဲမျိုးကိုအသုံးပြုဖို့လက်တွန့်ကြတယ်။

ကွန်ပြူတာနဲ့မရင်းနှီးတာရော အဆင်မှပြေပါ့မလားလို့ မယုံရဲတာရောပေါ့။ နောက်ဈေးနှုန်းတွေ ကလည်း စမ်းသုံးဖို့အတွက် မတတ်နိုင် တဲ့နှုန်းဖြစ်နေတတ်တယ်။ ဒီလိုအခက်အခဲတွေကိုစဉ်းစားပြီး ကျွန်တော်တို့ ရေးထားပါတယ်။ ကွန်ပြူတာသုံးလေ့မရှိတဲ့ လုပ်ငန်းရှင်တွေ အထိ သုံးနိုင်အောင် အတတ်နိုင်ဆုံး စီစဉ်ထားတယ်။ စမ်းပြီး ရဲရဲသုံးကြည့်ပါ။ တိတိကျကျနဲ့ တော်တော် လေးခရီးရောက်တယ်ဆိုတာ အာမခံပါတယ်" ဟု ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးမှ ပြောကြား သွားပါတယ်။ miniseller ကို သုံးခြင်းအားဖြင့်ပစ္စည်းပိုင်းကိုင်တွယ်ရာတွင်တိကျခြင်း၊ ငွေရှင်းရာတွင်မြန်ဆန်တိကျခြင်း၊ ဆိုင်လက်ကျန်ပစ္စည်းစာရင်းပိုင်း အရောင်းပိုင်း ပစ္စည်းဖြည့်တင်းရေး ပိုင်းတွင် လျင်မြန်ပြီးအမှားမရှိခြင်း၊ ရင်းနှီးငွေနှင့်ရောင်းရငွေကို အချိန်နှင့် အမျိုးအစားအလိုက် ချက်ချင်း ကြည့်နိုင်ခြင်း၊ အရောင်းဘောက်ချာ ဆိုက်အမျိုးမျိုးပရင့်ထုတ်နိုင်ခြင်းအပြင် အခြားအစွမ်းဆောင်ရည်များစွာပါဝင်ပါတယ်။

စိတ်ဝင်ပါဝင်စားသူများအနေဖြင့် Miniseller software ကို Excellent ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင် ပြီဖြစ်ကြောင်းနှင့် Excellent ဆိုင်များတွင် လက်ရှိသုံးစွဲ နေသောကြောင့် မဝယ်မီလေ့လာနိုင်ပါကြောင်း သိရပါတယ်။

# ဈေးကွက်အတွင်းသို့ Acer Notebook Model အသစ်များ ရောက်ရှိ

By YHT

Acer ၏ နာမည်ကျော် လူကြိုက်များတဲ့ series တစ်ခုဖြစ်တဲ့ Aspire ကို ပြန်လည် အခြေခံ အသက်သွင်းထားပြီး စွမ်းဆောင်ရည်ကို ကိုယ်စားပြု Aspire V Series ၊ Battery အသုံးပြုချိန်ကို ချွေတာပေးပြီး မြန်နှုန်းမြင့် လုပ်ဆောင်ချက်များ မှာ နာမည်ကြီးတဲ့ TimeLine Series ကို ကိုယ်စားပြုတဲ့ Acer TimeLine Ultra M Series ၊ သင့်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမည့် ဈေးနှုန်းချိုချိုနဲ့ Acer Aspire E1 Series တွေကို ဈေးကွက်အတွင်းသို့ April နောက်ဆုံးပတ်တွင် ရောက်ရှိလာကြောင်း သိရှိရပါတယ်။

Aspire V Series နှင့် Aspire M Series များတွင် Intel second-generation အသုံးပြု Core i3, Core i5, Core i7 နှင့် Nvidia ၏ နောက်ဆုံးပေါ် Graphic များဖြင့် ပေါင်းစပ်ထုတ်လုပ်ထားပြီး Aspire E Series တွင် Intel second-generation အသုံးပြု Intel Pentium Dual Core, Celeron Dual Core နှင့် Nvidia ၏ နောက်ဆုံးပေါ် Graphic များကို အသုံးပြုထားပြီး ချိုသာသော ဈေးနှုန်း အပြင် (၂) နှစ် အာမခံဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စိတ်ဝင်စား၍ ဝယ်ယူလိုသူများအနေဖြင့် Acer Product များကို မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် အဖြစ် တင်သွင်းဖြန့်ဖြူး ရောင်းချပေး နေသော ရွှေလမင်းနဂါး ကုမ္ပဏီ (ဖုန်း ၀၁-၂၂၁ ၆၈၃) နှင့် ပြည်တွင်း ကွန်ပျူတာ အရောင်း ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

# MCPA မှ အသိမှတ်ပြု စာမေးပွဲများ ကျင်းပမည်

By YHT

MCPA

မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းမှ MCPA Certified Fundamental Software Engineer (FSE) နှင့် MCPA Certified Network Associate (NA) စာမေးပွဲများကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့(တနင်္ဂနွေ)တွင် MICT Park၊ Conference Hall ၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင် အသင်းနှင့် အသင်းခွဲများရှိရာ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တပြိုင်နက်ကျင်းပ စစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ စာမေးပွဲများမှာ အိုင်တီပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလိုသော ကျောင်းသူ၊ ကျောင်းသားများ၊ အသင်းဝင် များအတွက် အရည်အချင်းကို အသိအမှတ်ပြုခံနိုင်ရေးအတွက် ဦးတည် စစ်ဆေးသော စာမေးပွဲများ ဖြစ်သည်။

အဆိုပါစာမေးပွဲများသည် Professional နယ်ပယ်သို့ စတင်ဝင်ရောက်ရန်အတွက် အဓိကလိုအပ်သော အသိပညာများနှင့် ကျွမ်းကျင်မှုများကို ဦးတည်စစ်ဆေးသော စာမေးပွဲများ ဖြစ်သည်နှင့်အညီ စာမေးပွဲ အောင်မြင်သူ များသည် ပညာရှင် နယ်ပယ်တွင် စတင်လုပ်ကိုင်သည့် အခြေအနေသို့ ရောက်ရှိ မည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း၊ အဆောင် (၄)၊ အခန်း(၄)၊ MICT Park၊ လှိုင်တက္ကသိုလ်မြေ၊ ဖုန်း ၆၅၂၂၇၆ နှင့် ၇၃၀၈၈၃၀၀ သို့ ဆက်သွယ် မေးမြန်းနိုင်သည်။

TEAM ICT

DESIGN/ PUBLISHING

| | |
|---|---|
| Design | Media Lane, The Creative Agency |
| Illustration | Aung Min Min |
| Typography | Zawgyi-One |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |
| Publisher | Phyo Min Min (Temp-1521) |
| Distribution | Media Lane, The Creative Agency |

| | |
|---|---|
| Chief Executive Officer | Phyo Min Min |
| Editor-in-charge | Ye Oo |
| Executive Editor | Ye' Htut Thein |
| Editor | Nay Aung Latt, Train, Min Min Hain, Ye Po |
| | Zar Zar Win, Hmu Thiha Zan, Zar Li Lwin |
| Reporter | May Thazin Thein, Aung Pyae Aung, Nay Lin Aung |
| Marketing & Advertising | Thwe Thwe Aye, May Thu Aung, Thé Ei Nway, May Thu Kyaw, Mon Mon Theint, Thwe Thwe Phyo |

FEEDBACK/ ALL ENQUIRIES

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| Email (General) | team@myanmarict.com |
| Website | www.myanmarict.com |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |






# Samsung Galaxy S III ထွက်ရှိလာပြီ

By YHT



Samsung မှ မိုဘိုင်းလ်ဖုန်းချစ်သူတိုင်း မျှော်လင့်တောင့်တနေကြသော Galaxy S III ကို ယခင်တပတ် ကြာသပတေးနေ့တွင် တရားဝင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရပါတယ်။ ယခုအသစ်ထွက်ရှိလာသော Galaxy S III မှာ ဒီဇိုင်းပြောင်းလဲမှုကို အသားမပေးထားပဲ အတွင်းပိုင်း ပြင်ဆင်မှုများစွာနှင့် လက်ရှိဖုန်းများ အားလုံးထက် သာလွန်သော application များ ဘက်ကိုသာ အာရုံစိုက်ထားခြင်းကို တွေ့ရပါတယ်။

၄.၈ လက်မအရွယ်အစားရှိသည့် Galaxy S III ဟာ HD AMOLED မျက်နှာပြင်ကို အသုံးပြုထားပြီး ၎င်း၏ အကောင်းဆုံး အားသာချက်ကတော့ Samsung ၏ နောက်ဆုံးထွက် Processor ဖြစ်သည့် 1.4 GHz quad-core Exynos processor ဖြစ်ပြီး အသုံးပြုထားသည့် GPU ဟာလည်း Galaxy S II ထက် ၆၅ ရာခိုင်နှုန်း ပိုမိုသာလွန်ကြောင်း သိရပါတယ်။ Internal Storage အနေဖြင့် Galaxy S III ဟာ 16GB၊ 32GB နှင့် 64 GB အစားစား ရှိသွားမည် ဖြစ်ပြီး အခြား Connection Type များအနေနဲ့ကတော့ Bluetooth 4.0၊ WiFi Direct၊ DLNA၊ micro-USB port၊ Headphone Socket နှင့် NFC တို့ ဖြစ်ပါတယ်။

Galaxy S III တွင် Android ၏ နောက်ဆုံးထွက် version ဖြစ်သော Android 4.0.3 ကို အသုံးပြုထားတာကလည်း S III ကို Android ဖုန်းများထဲတွင် အမြင့်ဆုံး ဖုန်းတစ်လုံးဖြစ်စေပြီး ၎င်း၏ Battery Charging ပြုလုပ်မှုကို Wireless နည်းပညာဖြင့် ပြုလုပ်နိုင်မည်ဟု Samsung မှ ကြော်ငြာခဲ့ခြင်းကတော့ လူအများကို အံ့အားသင့်သွားစေပါတယ်။ သို့သော်လည်း အဆိုပါ နည်းပညာကို Samsung မှ ပြုလုပ်နေဆဲ အခြေအနေဟုသာ ပြန်လည် ကြော်ငြာခဲ့ပြီး Galaxy S III ၏ အကောင်းဆုံးအပိုင်းအဖြစ် အသစ်စက်စက် ထည့်သွင်းထားသည့် Application နှင့် Feature များကို ကုမ္ပဏီမှ ကြော်ငြာသွားခဲ့ပါတယ်။

ပထမဦးဆုံး လူအများကို ဖမ်းစားနိုင်ခဲ့သော S III ၏ Feature မှာ Camera app ဖြစ်ပါတယ်။ ဖုန်း၏ မျက်နှာပြင်ကို tap လုပ်ပြီး ခနတာ ဖိထားကာ ဒေါင်လိုက် မြှောက်လိုက်ရုံဖြင့် camera app မှာ အလိုအလျောက် ပေါ်လာမည်ဖြစ်ကာ လူအများကို ပါးစပ်အဟောင်းသားဖြစ်သွားစေတာကတော့ Samsung ၏ Call Function အသစ်ပါပဲ။ ၎င်းရဲ့ အလုပ်လုပ်ပုံဟာ S III အသုံးပြုသူအနေဖြင့် Contact တစ်ခုကိုဖွင့်ကာ နားတွင် ကပ်ထားရုံဖြင့် အလိုအလျောက် ခေါ်ဆိုနိုင်မည့် Function ပဲ ဖြစ်ပါတယ်။ ထို့နောက် ထူးခြားသော Feature တစ်ခုကတော့ ဖုန်းအား ကောက်ကိုင်လိုက်ရုံဖြင့် ဖုန်းတွင် notification (သို့) missed call ဖြစ်သွားသော အချက်အလက်များကို ဖော်ပြပေးတာပဲ ဖြစ်ပါတယ်။

နောက်ထပ် Feature အသစ်တစ်ခုကတော့ Samsung ရဲ့ S Voice ခေါ် ဖုန်းကို အသံဖြင့် စေခိုင်းနိုင်မယ့် Feature ပါပဲ။ ၎င်းကတော့ Apple ရဲ့ Siri နှင့် ဆင်တူပင်ဖြစ်ပြီး Samsung ကတော့ S III ကို အသံဖြင့် unlock ပြုလုပ်နိုင်ခြင်း၊ music player ကို ထိန်းချုပ်နိုင်ခြင်း၊ image များ ဖမ်းယူနိုင်ခြင်း တို့ကို ပြုလုပ်နိုင်မည်ဖြစ်ပြီး အခြား third-party application များနှင့် တွဲဖက် အသုံးပြုနိုင်ရန် လည်း ပြုလုပ်လျက်ရှိကြောင်း ကြော်ငြာသွားပါတယ်။

Galaxy S III ၏ အကောင်းဆုံး Feature ကတော့ ၎င်းရဲ့ Pop up Play ပဲဖြစ်ပါတယ်။ အသုံးပြုသူများဟာ video တစ်ခုကို မည်သည့် application ဖွင့်သည်မဆို တပြိုင်နက် ဖွင့်ထားနိုင်ပြီး media player ကိုတော့ ကန့်သတ်ချက်များ ပြုလုပ်ထားပါတယ်။ ထို့ပြင် အဆိုပါ video ဖွင့်ထားသော windows ကို မျက်စိရှုပ်နေပါကလည်း Screen ၏ မည်သည့်နေရာကိုမဆို ရွှေ့ပြောင်းနိုင်တာကလည်း ၎င်း၏ Exynos processor အားသာချက်ပါပဲ။

Samsung မှတော့ ယခု S III ဟာ နမူနာ ပြသခြင်းပင်ဖြစ်ပြီး နောက်ထပ် Feature ပေါင်းများစွာထည့်သွင်းကာ ပါဝင်လျက်ရှိသော function များနှင့် Feature များကိုလည်း ပိုမိုကောင်းမွန်ရန် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းသတ်မှတ်ရခြင်း မရှိသေးကြောင်း ကြော်ငြာခဲ့တယ်လို့ သိရပါတယ်။

## PRICE GUIDE

| Brand | Camera/Version/Screen Size | Price (Kyat) |
|---|---|---|
| Sony Ericsson Xperia S | 12 MP / 2.3 /4.3" | 480,000 |
| Sony Ericsson Xperia Ray | 8 MP / 2.3 /3.3" | 199,000 |
| Sony Ericsson Xperia Arc S | 8 MP / 2.4 /4.2" | 315,000 |
| Huawei C8600 | 3.2 MP / 2.1Eclair /3.5" | 115,000 |
| Huawei C5730 | 3.15 MP / /2.4" | 50,000 |
| Nokia 2730 | 2 MP / /2.0" | 68,000 |
| Nokia C506 | 2 MP /symbian v9.4 /3.2" | 119,000 |
| Nokia N701 | 8 MP /symbian Belle/ 3.5" | 215,000 |
| Nokia C7 | 8 MP /symbian/ 3.1" | 205,000 |
| Nokia N9 | 8 MP / MeeGo Os v1.2harmattn / 3.9" | 395,000 |
| Nokia N8 | 12 MP /symbian^3 OS/ 3.5" | 300,000 |
| Samsung Galaxy Nexus | 5 MP / 4.0 / 4.65" | 375,000 |
| Samsung Galaxy S+ | 5 MP / 2.3 / 4.0" | 305,000 |
| Samsung Galaxy Y | 2 MP / 2.3.5 / 3.0" | 125,000 |
| Samsung Galaxy Mini | 3.15 MP / 2.2 / 3.14" | 130,000 |
| Samsung Galaxy Gio | 3.15 MP / 2.2 / 3.2" | 150,000 |
| Samsung Galaxy Y Pro | 3.15 MP / 2.3 / 2.6" | 120,000 |
| HTC Sensation | 8 MP / 2.3.4 / 4.3" | 310,000 |
| Apple iPhone 4S (16GB) | 8 MP / iOS 5.1 / 3.5" | 575,000 |
| Apple iPhone 4s (32GB) | 8 MP / iOS 5.1 / 3.5" | 675,000 |
| Apple iPhone 4s (64GB) | 8 MP /iOS 5.1 / 3.5" | 765,000 |

Today's Mobile: 09-73216333, Golden Dragon: 09-5505688, Talky: 01-211-311

# Webster University Thailand Campus (WUTC) အကြောင်း ဆွေးနွေးဟောပြောပွဲကို မန္တလေးတွင် ကျင်းပပြုလုပ်မည်

By MTT




Myanmar Search International (MSI) ပညာရေး ဝန်ဆောင်မှုမှ အမေရိကန်နိုင်ငံ၏ ကျောင်းခွဲ တစ်ခုဖြစ်သော Webster University Thailand Campus (WUTC) ၏ ကျောင်းအကြောင်း ဆွေးနွေးဟောပြောပွဲကို ပထမဆုံး အနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။ ကျင်းပပြုလုပ်မည့် အချိန်မှာ ၂၀၁၂ ခုနှစ်၊ မေလ (၁၉) ရက် (စနေနေ့)၊ မနက် (၁၀း၀၀) နာရီမှ နေ့လည် (၁၂း၀၀) နာရီအထိ Hotel Mandalay (စံပယ်ဖြူခန်းမ) တွင် ကျင်းပမည် ဖြစ်ကြောင်း MSI ၏ Managing Director ဒေါ်စုစုလှိုင်ထံမှ သိရှိရသည်။

အဆိုပါပွဲတွင် Webster University Thailand Campus (WUTC)တွင် သင်ကြားနေသည့် ဘာသာရပ်များ၊ ကျောင်းဝင်ခွင့်များ၊ ကျောင်းသားများ လျှောက်ထားနိုင်သည့် ပညာသင်ဆုများ၊ Webster University ၏ အနောက်နိုင်ငံကြီးများမှ ကျောင်းခွဲများသို့ ကူးပြောင်းပညာ သင်ကြားသောအခါ လိုအပ်မည့် အသေးစိတ်အချက်အလက်များ၊ ထိုင်းနိုင်ငံ ဗီဇာ လျှောက်ထားမှုနှင့် အမေရိကန်နိုင်ငံဗီဇာ လျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များ၊ ကျောင်းတက်ရန်အတွက် လိုအပ်မည့် စာရွက်စာတမ်းများ၊ ပညာရေးဆိုင်ရာ ဝင်ခွင့်သတ်မှတ်ချက်များနှင့် WUTC အကြောင်း သိကောင်းစရာများကို WUTC၏ Recruitment Manager မနော်ဝေဝေလင်းသွေး (Bachelor of Business Administration, Master of Business Administration (MBA) မှ ဟောပြောပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

WUTC ၏ ပင်မတက္ကသိုလ်သည် အမေရိကန်ပညာရေး နယ်ပယ်တွင် နှစ်ပေါင်း (၃၀) ကျော် ဦးဆောင်ဦးရွက်ပြုနေသော တက္ကသိုလ်တစ်ခုအဖြစ် နိုင်ငံတကာမှ ယနေ့ထက်တိုင် အသိအမှတ်ပြုခြင်းခံရသည့်အပြင် အမေရိကန်နိုင်ငံ၏ Missouri ပြည်နယ် St'Louis မြို့ကြီးတွင် (၁၉၁၅) ခုနှစ်မှစ၍ တည်ထောင်ခဲ့ပြီး အစဉ်အလာ ကြီးမားသည့် ကျောင်းတော်ကြီး တစ်ခုဖြစ်ကြောင်း သိရသည်။ ထို့အပြင် American's Best Colleges 2010 တွင် အကောင်းဆုံးကျောင်းအဖြစ် ပါဝင်ပြီး US News and World Report အရ Tier1 College Category Universities –Master's (Midwest) ၌ Top 24 အဆင့်တွင် ရပ်တည်လျှက်ရှိကြောင်း MSI မှ သိရှိရသည်။ ကမ္ဘာအနှံ့အပြားတွင် တက္ကသိုလ် ကျောင်းပေါင်း (၁၀၀)ကျော်နှင့် ချိတ်ဆက်ထားပြီး နိုင်ငံတကာတွင် ကျောင်းခွဲ (၉) ကျောင်းရှိသည့်အပြင်ကျောင်းသားပေါင်း (၂၀၀,၀၀၀) ခန့် ဘွဲ့ရရှိထားပြီး လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေကြောင်း သိရသည်။

ထို့အပြင် "US News and World's Report" အရ Tier-1 College အဆင့်တွင်ရှိပြီး (၂၀၁၁) ခုနှစ်၊ ဩဂုတ်လ၌ ထုတ်ဝေခဲ့သော "Forbes Magazine" တွင် အမေရိကန်နိုင်ငံ၏ အကောင်းဆုံး ထိပ်တန်း ကောလိပ်အဖြစ် အသိအမှတ်ပြုခံရကြောင်း သိရသည်။ ၄င်းတက္ကသိုလ်တွင် Management, Emphasis in International Business, Emphasis in Marketing, Business Administration, Media Communication, Public Reltions, Advertising and Marketing Communications, Psychology, International Relations ဘာသာရပ်များကို သင်ကြားနိုင်ကြောင်း သိရသည်။ တစ်နှစ်လျှင် ကျောင်းဖွင့်ချိန် (၅) ကြိမ်ရှိပြီး ဇန်နဝါရီလ၊ မတ်လ၊ ဩဂုတ်လ နှင့် အောက်တိုဘာလတို့ဖြစ်ကြောင်း သိရသည်။

# SCG မှ ပညာသင်ဆုများကို ရန်ကုန်နှင့် မော်လမြိုင်မြို့များတွင် ပေးအပ်မည်

By MTT

"SCG Sharing the Dream Scholarship Program2012"ပညာသင်ဆုများကို၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ရန်ကုန်နှင့် မော်လမြိုင်မြို့တို့၌ တက္ကသိုလ်ဝင်တန်းကျောင်းသား၊ကျောင်းသူ အယောက်(၁၀၀)အား ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။ SCG သည် ရေရှည်ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းရှိသောအာဆီယံလူ့ဘောင် အဖွဲ့အစည်းတည်ဆောက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး အဆိုပါ Scholarship အစီအစဉ်ကို ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCG သည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း Vietnam, Philippines, West Java, East Java တို့တွင် Scholarship ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ခဲ့ပြီး မြန်မာနိုင်ငံတွင် "SCG Sharing the Dream Scholarship Program 2012" အစီအစဉ်ဖြင့် ရန်ကုန်နှင့် မော်လမြိုင်မြို့များမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ အယောက် (၁၀၀)အား ပညာသင်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပေးအပ်သွားမည့် စုစုပေါင်းတန်ဖိုးငွေမှာ ငွေကျပ် ၁၈,၀၅၀,၀၀၀ ဖြစ်ပြီး တစ်ဦးချင်းစီအတွက် ကျပ် ၁၈၀,၅၀၀ အသီးသီး ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

SCG ပညာသင်ဆုများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပေါက်ကံ မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သန်လျင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ လှိုင်သာယာမြို့နယ်များနှင့် မော်လမြိုင်မြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများကို ရွေးချယ် ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

ပညာသင်ထောက်ပံ့စရိတ် လျှောက်ထားလိုသူများသည်

(၁) ကိုယ်ရေးအချက်အလက် အပြည့်အစုံ

(၂)နဝမတန်းတွင် ထူးချွန်စွာ အောင်မြင်ကြောင်း သက်ဆိုင်ရာ ဆရာ၊ ဆရာမထံမှ ထောက်ခံစာ

(၃) မှတ်ပုံတင်မိတ္တူ

(၄) မြန်မာဘာသာဖြင့် ရေးသားထားသော "ကျွန်ုပ်၏အနာဂတ် အိပ်မက်" ခေါင်းစဉ်ဖြင့် A4 နှစ်မျက်နှာစာ စာစီစာကုံး စသည်တို့ကို ၂၀၁၂ ခုနှစ်၊ မေလ၊ (၁၃) ရက်နေ့ နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် (၁၄၀၂) သို့ ပေးပို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများကို Education Board မှ လူတွေ့စစ်ဆေးခြင်းကို ပဏာမပြုလုပ်မည်ဖြစ်ပြီး၊ လျှောက်ထားသူ၏ အတန်းအလိုက်ပညာအရည်အချင်း၊စာစီစာကုံးအရေးအသား၊ လူတွေ့စစ်ဆေးခြင်းနှင့် လူမှုရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်မှုများကို သုံးသပ်ကာ အပြီးသတ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ အပြီးသတ်ရွေးချယ်ခံရပါက အခမ်းအနားနှင့်တကွ ပညာသင်ဆု၊ ကျောင်းသုံး ဗလာစာအုပ်များကို ချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

SCG (Siam Cement Group) ကို ၁၉၁၃ ခုနှစ်တွင် စတင် ထူထောင်ခဲ့ပြီး ထိုင်းနိုင်ငံမှ ထင်ရှားသော စက်မှုလုပ်ငန်း ဦးဆောင်သူများ ပါဝင်ကြောင်း သိရသည်။ SCG ၏ အဓိက စီးပွားရေးဇုန်ဟာ ခြောက်ခုအဖြစ် ရေနံထွက် ဓာတုပစ္စည်းများ၊ စက္ကူ၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဖြန့်ဖြူးရေးနှင့် ရင်းနှီးမြှုပ်နှံရေးများကို လုပ်ဆောင်လျက်ရှိပြီး၊ အာဆီယံ နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ချီလျက်ရှိကြောင်း သိရသည်။ SCG သည် မြန်မာနိုင်ငံအတွက် နိုင်ငံပေါင်း (၄၀) ကျော် အသိအမှတ်ပြု ဆင်တံဆိပ်ဘိလပ်မြေ Portland မီးခိုးရောင်၊ ဆင်ဖြူတံဆိပ် အဖြူရောင်ဘိလပ်မြေ၊ Mortar (သရွတ်) နှင့် CPAC တံဆိပ်ဖြင့် တင်သွင်းသော အသင့်ဖျော်ဘိလပ်မြေများ ဖြန့်ဖြူးလျှက်ရှိပါသည်။ SCGသည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ အကျိုးအမြတ်အတွက်သာမက စီးပွားဖက်နိုင်ငံများတွင် Corporate Social Responsible Program (CSR) ကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံများနှင့် ရင်းနှီးကျွမ်းဝင်မှုကို ရရှိစေပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

# ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ English Conversation Club ကျင်းပမည်

By MTT

၂၀၁၂ ခုနှစ်၊ မေလ (၂၊ ၉၊ ၁၆၊ ၂၃၊ ၃၀) ရက်နေ့များတွင် English Conversation Club အား ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ နေ့လည် (၂း၀၀) နာရီမှ (၃း၃၀) အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ ဆရာမ Diana ကြိုင် (Freelance English Language Teacher) မှ Facilitator အဖြစ် ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ ဗြိတိသျှကောင်စီစာကြည့်တိုက်၏စာဖတ်ဝိုင်း အစီအစဉ် (Reading Club Meeting) ကို နှစ်ပတ်တစ်ကြိမ် ကျင်းပလေ့ရှိရာ မေလပိုင်းအတွက် စာဖတ်ဝိုင်း အစီအစဉ်ကို မေလ (၄၊ ၁၈) ရက်နေ့များတွင် နေ့လည် (၅း၀၀) မှ (၆း၃၀) အထိ ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရှိရသည်။ အဆိုပါ Conversation Club နှင့် စာဖတ်ဝိုင်း အစီအစဉ်တွင် ပါဝင်လိုသူများအနေဖြင့် ယမင်းညီညီ (yaminnyi.nyi@mm.britishcouncil.org) အား ဆက်သွယ်၍ စုံစမ်း စာရင်းပေးနိုင်ကြောင်း British Council Myanmar မှ သိရှိရသည်။

# အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲကို မန္တလေးတွင် ကျင်းပမည်

By MTT

မန္တလေး ကျောင်းသားများအတွက် အထူးအစီအစဉ်အနေဖြင့် (၃) နာရီကြာ ဖြေဆိုရမည့် အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲကို ၂၀၁၂ခုနှစ် ၊ မေလ(၂၀)ရက်နေ့ (တနင်္ဂနွေနေ့)၊ Hotel Mandalay (စံပယ်ဖြူခန်းမ)တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် IELTS/ TOEFL မဖြေဆိုရသေးသော ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကထားကာ စစ်ဆေးပေးသွားမည် ဖြစ်ကြောင်းနှင့် ၄င်းစာမေးပွဲသည် TOEFL ကို အခြေခံထားပြီး Multiple Choice စနစ်ဖြစ်ကြောင်း Myanmar Search International (MSI) ပညာရေး ဝန်ဆောင်မှုမှ သိရှိရသည်။ ၄င်းစာမေးပွဲကို ဖြေဆိုရန် စိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါ အချက်အလက်များနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း သိရသည်။

(၁) အနည်းဆုံး (၁၀)တန်းဖြေဆိုဆဲ၊ ဖြေဆိုထားပြီးသော ကျောင်းသား ဖြစ်ရမည်။

(၂) အမေရိကန်နိုင်ငံ၏ ပညာရေးစနစ်ကို သင်ယူပြီး အမှန်တကယ် ဘွဲ့ဒီဂရီ ရယူချင်သော ကျောင်းသားဖြစ်ရမည်။

(၃) ပွဲကျင်းပသည့်နေ့တွင် ပညာရေးဆိုင်ရာ လိုအပ်သည့် စာရွက်စာတမ်းများ အပြည့်အစုံ ယူဆောင်လာရမည်။

(၄) Webster University Thailand Campus (WUTC) ကို အမှန်တကယ် စိတ်ဝင်စားသော ကျောင်းသားဖြစ်ရမည်။

အဆိုပါအချက်နှင့် ကိုက်ညီပြီး စာမေးပွဲ ဖြေဆိုရန် စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများသည် ၂၀၁၂ ခုနှစ်၊ မေလ၊ (၁၅) ရက်၊ အင်္ဂါနေ့၊ ညနေ (၅) နာရီ နောက်ဆုံးထား၍ Myanmar Search International (MSI) အမှတ်-၂၃၄၊ ရွှေဘုံသာ (လယ်)၊ ဒုတိယထပ် (ညာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၀-၉၂၉၊ ၀၁-၃၈၉-၉၁၅ သို့ ဆက်သွယ် ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရပါတယ်။

# ပစ္စိမာရုံ အခြေခံကွန်ပျူတာ ပညာဒါနသင်တန်းကျောင်း ဖွင့်လှစ်

By MTT

ပစ္စိမာရုံ ကွန်ပျူတာ ပညာဒါန သင်တန်းကျောင်း၏ အခမဲ့အခြေခံ (Basic) ကွန်ပျူတာသင်တန်းကို ၂၀၁၂ ခုနှစ်၊ မေလ၊ (၁၂) ရက်နေ့ နှင့် (၁၄) ရက်နေ့များတွင် ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။ ငွေကြေးချို့တဲ့မှုကြောင့်ဖြစ်စေ၊ အခြားသော အခက်အခဲများကြောင့်ဖြစ်စေ သင်ကြားလေ့လာခွင့် မရရှိသည့်လူငယ်များအတွက် အယုတ်အလတ် အမြတ်မရွေး တန်းတူအခွင့်အရေးနှင့် သင်ကြားခွင့်ရရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပစ္စိမာရုံ ကွန်ပျူတာပညာဒါနသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မေလ(၁၂) ရက်နေ့တွင် ဖွင့်လှစ်မည့် သင်တန်းတွင် စတင် တက်ရောက်လိုသူများအတွက် သင်တန်းချိန်ကို နံနက် (၈း၀၀) နာရီမှ (၁၁း၀၀) နာရီ အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ပြီး မေလ (၁၄) ရက်နေ့တွင် စတင်တက်ရောက်လိုသူများအတွက် သင်တန်းချိန်ကို ညနေ (၅း၀၀) နာရီမှ (၆း၃၀) အထိ အပတ်စဉ် တနလာ်၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းကာလမှာ (၁) လခွဲ ကြာမြင့်မည်ဖြစ်ပြီး ကွန်ပျူတာဘာသာရပ်ကို စိတ်ပါဝင်စားသော လူမျိုးဘာသာမရွေး အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

နည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာရာ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် တိုးတက်ပြောင်းလဲမှု အမြင့်မားဆုံးဖြစ်သော ကွန်ပျူတာပညာရပ်ကို အခြေခံမှစ၍ ကျွမ်းကျင် တတ်မြောက်ထားမှသာလျှင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများတွင် တိုးတက်အောင်မြင်မှုများ ရရှိနိုင်သကဲ့သို့ ဘဝအသက်မွေးဝမ်းကျောင်းမှုအတွက် များစွာ အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် အခြေခံကွန်ပျူတာ သင်တန်းကို စိတ်ဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် ပစ္စိမာရုံ ကွန်ပျူတာ ပညာဒါန သင်တန်းကျောင်း၊ အမှတ် ၂၅၀၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း - ၄၀၀၁၆၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။



# Oxford တက္ကသိုလ်၏ နေရာကိုကျော်တက်သွားသော LSE

By APA

THE LONDON SCHOOL OF ECONOMICS AND POLITICAL SCIENCE

ဧပြီလ ၂၆ ရက်နေ့မှာ ထုတ်ပြန်တဲ့ The Complete University Guide မှာ UK ရဲ့ တက္ကသိုလ် ၁၆၆ ကျောင်းကို ဖော်ပြခဲ့ရာမှာ Cambridge ဟာ ထိပ်တန်းနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာတွေ့ရပေမဲ့ Oxford ကတော့ London School of Economics ကျောင်းရဲ့ အဆင့်ကျော်တက်မှုကို ခံရပြီး နံပါတ် ၃ နေရာကို ရောက်သွားကြောင်း သိရပါတယ်။ ဒါဟာ ၂၀၀၀ ခုနှစ် ကနေ စတွက်ရင် UK ရဲ့ ထိပ်တန်း ၂ နေရာကို အမြဲ ရပ်တည်နေတဲ့ ဒီကျောင်း နှစ်ကျောင်းရဲ့ နေရာကို ပထမဆုံး အကြိမ် အခြားကျောင်း တစ်ကျောင်းက ဝင်ရောက်လာခြင်းပဲ ဖြစ်ပါတယ်။

Top 20 ကျောင်းများစာရင်းထဲကို အသစ်ရောက်လာသော ကျောင်းများကတော့ အဆင့် ၁၇ နေရာ ရောက်လာတဲ့ University of Glasgow နဲ့ အဆင့် ၁၉ နေရာ ရောက်လာတဲ့ Leicester တို့ဖြစ်ပါတယ်။ Sussex နဲ့ School of Oriental and Asian Studies တို့ကတော့ ဖော်ပြထားတဲ့ ထိပ်တန်းကျောင်းစာရင်းမှာ ယခင်ကထက်နိမ့်တဲ့ အဆင့်များကို ထိုးကျသွားခဲ့ပါတယ်။ Oxford Brookes University က နံပါတ် ၄၅ နေရာကိုရရှိခဲ့ပြီး Ranking အမြင့်ဆုံး တက္ကသိုလ်သစ် အဖြစ်လည်း ရပ်တည်နေပါတယ်။

Cambridge, London School of Econormics (LSE) နဲ့ Oxford ဆိုတဲ့ ထိပ်ဆုံး ၃ နေရာကို ယှဉ်ကြည့်ရင်တော့ LSE ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ကျောင်းဆင်းသူတွေရဲ့မှတ်တမ်းများက သာလွန်နေတဲ့အတွက် Oxford ကိုကျော်ပြီး ဒုတိယနေရာရသွားခြင်းဖြစ်ကြောင်းသိရပါတယ်။ ကျောင်းသားများရဲ့ ကျေနပ်အားရမှု၊ သုတေသန အကဲဖြတ်မှတ်တမ်း၊ ကျောင်းသားဝင်နှုန်း၊ ကျောင်းသားနဲ့ ဝန်ထမ်းအချိုး၊ ပညာရေး ဝန်ဆောင်မှုအပေါ် သုံးစွဲမှု၊ ကျောင်းသားများအတွက် Facilites ဖြည့်ဆည်းနိုင်မှုစတဲ့ အချက်များပေါ် မူတည်ပြီး အထက်ပါ သတ်မှတ်ဖော်ပြချက်များ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရပါတယ်။

UK အတွက်တော့ Cambridge, LSE, Oxford, Imperial College London, Durham, Warwick, St Andrews, University College London, Lancaster နဲ့ Bath တို့ဟာ အဆင့်မြင့် ပညာရေးအတွက် ထိပ်တန်း တက္ကသိုလ် / ကောလိပ်ကျောင်း ၁၀ ကျောင်းဖြစ်ပါတယ်။

# မြန်မာနိုင်ငံသားများကို ပညာသင် ထောက်ပံ့ကြေးပေးမည့် London School of Commerce

By APA


London LSC Campus

အင်္ဂလန်နိုင်ငံရှိ London School of Commerce သည် ၂၀၁၂ခုနှစ် ဇွန်လ ၂၀ရက် intakes အတွက် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေး ၄၀% ခန့် ပေးအပ်သွားမည်ဟု သိရှိရပါတယ်။ London School of Commerce မှ BA (Hons) Business Studies, BSc (Hons) Computing, MSc Information Technology, MSc International Tourism Management, MSc International Hospitality Management, MBA တို့ကို Degree Foundation မှ စ၍ Master Program အထိ သင်ယူနိုင်ပြီး၊ LSC ၏ partner school များဖြစ်သော University of Gloucestershire နှင့် University of Wales Institute of Cardiff တက္ကသိုလ်များမှ ဘွဲ့များ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

BSc နှင့် BA ဘွဲ့များကို (၂) နှစ်အတွင်း သင်ယူနိုင်မည်ဖြစ်ပြီး၊ စီးပွားရေး ဘာသာရပ်များတွင် အခြေခံမရှိသော MBA သင်ယူလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် LSC ၏ MBA Foundation Program ကို (၄)လ တက်ရောက်ပြီး၊ MBA ကို တစ်နှစ်ဆက်လက် တက်ရောက်ရမည် ဖြစ်သည်။ မြန်မာကျောင်းသားများ အနေနှင့် Foundation အတွက် ဝင်ခွင့် လိုအပ်ချက်များမှာ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရှိရမည်ဖြစ်၍ အင်္ဂလိပ်စာ အရည်အချင်းအတွက် IELTS 6.0 ရှိရမည်ဖြစ်သည်။ MBA program ကို တိုက်ရိုက်တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများအနေနှင့် မိမိတို့၏ သက်ဆိုင်ရာ ပညာရေးဌာန၏ထောက်ခံချက်များနှင့် အလုပ်အတွေ့အကြုံ ထောက်ခံချက်များတင်ပြရန် လိုအပ်မည်ဖြစ်ပြီး IELTS 6.5 ရှိရမည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေး၄၀%ခန့်ကို ခံစားလိုသူများသည် လျှောက်ထားရာတွင် လျှောက်ထားသူ၏ ပညာရေး စာရွက်စာတမ်းများအပြင်၊ ကိုယ်ရေး ရာဇဝင် မှတ်တမ်း (CV) ၊ IELTS original certificate၊ ပတ်(စ)ပို့မိတ္တူ၊ သုံးလအတွင်းရိုက်ကူးထားသော ဓါတ်ပုံတစ်ပုံ၊ ကိုယ်ရွေးချယ်သည့် ဘာသာရပ်ကို မည်သည့် အတွက်စိတ်ဝင်စားသည်ဆိုသည့် အကြောင်းအရာကို Study Plan/ Essay ကဲ့သို့ စာလုံးရေ ၂၀၀ ခန့် ရေးသား တင်ပြရမည်ဖြစ်သည်။ ကျောင်းလျှောက်ထား ဖို့ ကိုတော့ CROWN Education ဖုန်း ၀၉ ၇၃၂ ၇၃၂ ၇၇ ၊ ၀၉ ၅၀၈၅ ၁၈၅ တို့တွင် ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# College Foundation Course တန်းခွဲသစ်ဖွင့်လှစ်ခြင်း

By APA




College Foundation Course တန်းခွဲသစ်ကို မြန်မာနိုင်ငံ၌ Shelton College ၏ ပထမဆုံးတန်းခွဲအဖြစ် ၂၀၁၂ခုနှစ် ဇွန်လတွင် စတင် ဖွင့်လှစ်မည်ဟု သိရှိရပါတယ်။ College Foundation Course သည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသည့် ကျောင်းသားကျောင်းသူများအား College မတက်မီ လိုအပ်ချက်များ ပြင်ဆင်ထားနိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရပါတယ်။ ထို့အပြင် အောင်စာရင်းထွက်ရှိသည့်အချိန်အထိ စောင့်ဆိုင်းရန်မလိုပဲ သက်ဆိုင်ရာကျောင်းမှ ထုတ်ပေးသည့် ထောက်ခံချက်များဖြင့် တက်ရောက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားသည်ဟု သိရှိရပါတယ်။

Foundation Course ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများ သည် Shelton Collage Singapore ရှိ UK ( Degree) Path Way သို့တိုက်ရိုက်သွားရောက်ပညာ သင်ယူနိုင်မည်ဖြစ်ပါတယ်။ သင်တန်းတွင် Travel Tourism and Hospitality or Business Administration တို့၏အခြေခံပညာ များအပြင် Advanceed Academi English, Communication Skills, Effective Study Skills စသည့် Modules များကို သင်ကြားပေးမှာဖြစ်ပါတယ်။

သင်တန်းကာလကတော့ ရှစ်လဖြစ်ပြီး စိတ်ဝင်စား၍ ဆွေးနွေးလိုလျှင် Shelton Education Center ဖုန်း- ၀၉-၅၂၀-၂၂၆၂ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရပါတယ်။

# ကျောင်းသားများအတွက် Copyright နှုန်းထား မြင့်မားလာမှုကြောင့် ဝေဖန်ခံရ

By APA

ကနေဒါ ကျောင်းသားများသည် Copyright စည်းမျဉ်းများအရ Copyrighted Material များကိုမိတ္တူကူးယူရာတွင် သုံးစွဲခမှာ အဆမတန် မြင့်တက်လာသဖြင့် ကျောင်းသားများအတွက် မမျှတမှုဖြစ်ပေါ်လျက်ရှိကြောင်းဝေဖန်ခံရလျက်ရှိသည်။ Article နှင့်သင်ရိုးများ အသုံးပြုမှုနှင့် ပတ်သက်ပြီး copyright holder များနှင့် ကနေဒါ တက္ကသိုလ်များအကြား သဘောတူညီမှု တစ်ခုရှိခဲ့ရာ ထိုအချက်သည်အခြားတစ်ဘက်တွင် မမျှတသော နှုန်းထားဖြစ်လာကြောင်း ဝေဖန်ခံရခြင်းဖြစ်သည်။

ကနေဒါတက္ကသိုလ်နှင့် ကောလိပ်ကျောင်းများအသင်းသည် ကျောင်းများ၊ စာကြည့်တိုက်များ၊ စီးပွားရေး လုပ်ငန်းများအတွက် copyright စာအုပ်စာတမ်းများကို မိတ္တူကူးပြုခွင့်၊ မိတ္တူကူးယူ ဖြန့်ဖြူးခွင့်အတွက် ငွေကြေးကောက်ခံရန် Access Copyriht နှင့် သဘောတူညီထားခဲ့ကြသည်။ ထိုသဘောတူညီချက်အရ ၂၀၁၀ ခုနှစ်က Semesterတစ်ခုစာအတွက် လေးဒေါ်လာအောက်သာ ကျောင်းသားများထံမှကောက် ခံခဲ့သော်လည်း ယခုအခါ Semester တစ် ခုစာအတွက် ၂၅ဒေါ်လာနှင့်အထက် ကျောင်းသားများက ပေးဆောင်ရန် ဧပြီလဆန်းပိုင်းတွင် ကြေငြာချက်ထွက်ပေါ်လာခဲ့သည်။ ယခင်သဘောတူညီချက်အရ ပုံနှိပ်စာများကို ဖတ်ခြင်းနှင့် အလားတူ အသုံးပြုခြင်းအတွက် တစ်မျက်နှာစာ၏ ၁၀% ကို ကျောင်းသားများက ပေးဆောင်ရန် သဘောတူခဲ့ကြခြင်း ဖြစ်သည်။

ယခုကြေငြာချက်သစ်အရ ဈေးနှုန်းမှာ အတော်ပင်ကွာခြား မြင့်မားသွားပြီ ဖြစ်ကြောင်း ကနေဒါ တက္ကသိုလ်နှင့် ကောလိပ်များအသင်း၏ အမှုဆောင်တစ်ဦးဖြစ်သူ Christine Tausig Ford ကဆိုသည်။ Copyright ကျွမ်းကျင်သူ Michael Geist ကတော့ သဘောတူညီချက်အသစ်ဟာ ဥပဒေ နဲ့ဆေးကျောင်းသားလိုမျိုး ကျောင်းသားတွေ အတွက်တော့ copyrighted materials များကို သုံးစွဲရတာ နစ်နာစေတယ်လို့ ဆိုပါတယ်။ တကယ်တော့ ကျောင်းသားတွေဟာ ဘာအဖိုးအခမှ ပေးစ ရာမလိုပဲ ရနိုင်တာတွေကို ငွေကြေးအများအပြား ပေးရတော့မယ်လို့ Turk က သုံးသပ်ပြခဲ့ပါတယ်။

ယခုအခါမှာ တက္ကသိုလ်များစွာဟာ သူတို့လိုအပ်တဲ့ စာတမ်းများကို ရရှိဖို့အတွက် ပညာရေးဂျာနယ်များနဲ့တိုက်ရိုက် ဆွေးနွေးလျက်ရှိပါတယ်။ ဒီစာစောင်တွေကတော့ မူပိုင်ခွင့် မလိုပဲရနိုင်လျက်ရှိသေးတဲ့အတွက် ဖြစ်ပါတယ်။တချို့တချို့သောပါမောက္ခများကတော့ ဖြန့်ဝေတဲ့သင်ရိုး/မှတ်စု များကို ရှောင်ကြဉ်ဖို့ သဘောတူ ထားကြပါတယ်။ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများ/ကျောင်းများအနေနဲ့တရားဝင်ကူးယူခ ကင်းလွတ်ခွင့်လည်းရရှိနိုင်ပေမဲ့ အဲဒီအခွင့်အရေးဟာလည်း သုတေသနအတွက် သက်သက် ခွင့်ပြုထားတာ ဖြစ်ပါတယ်။

# ကျောင်းပြီးသည်နှင့် အမေရိကန်တွင် အလုပ်လုပ်ရန် အိပ်မက်မရှိတော့သော အိန္ဒိယ ဆေးကျောင်းသားများ

By APA



အိန္ဒိယနိုင်ငံသည် အမေရိကန်သို့ပညာသွားရောက်သင်ကြားသည့် ဆေးကျောင်းသားများ ကျောင်းပြီးလျှင် ပြည်တော်ပြန် မလာပဲ အမေရိကန်တွင် အလုပ်လုပ်ခြင်း၊ နေထိုင်ခြင်း ယခင်က နှစ်သက်ခြင်း မရှိသော်လည်း ယခုအခါ တရားဝင် စာချုပ်ဖြင့် တားမြစ်လိုက်ပြီ ဟု သိရသည်။ ထိုစာချုပ်ကြောင့် နောင်တွင် ကျောင်းပြီး သွားသော ဆေးကျောင်းသားများကို အမေရိကန်တွင် နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်ကို အမေရိကန်မှ ပေးနိုင်တော့မည် မဟုတ်ပေ။ ထိုအပြောင်းအလဲသည် ဆေးကျောင်းသားနှင့် ဆရာဝန်များအကြား စိတ်ကသိကအောင့် ဖြစ်စေခဲ့သည်။

ယခင်ကမူအိန္ဒိယကျောင်းသားများသည် ပြည်ပတွင်ပညာသင်ပြီး ပြန်လာပါမည်ဟုဆိုင်ရာ ဝန်ကြီးဌာနသို့ အာမခံသည့် စာတစ်စောင်ရေးတင်လိုက်ရုံသာရှိသည်။ သို့သော် ယခုအခါ အစိုးရက ကျောင်းသားများအား တရားဝင် သဘောတူစာချုပ်ဖြင့် ပြန်လာရန် သဘောတူ ခိုင်းခြင်းများရှိလာသည်။အကယ်၍ အမေရိကန်မှ ကျောင်းသား တစ်ဦးဟာ မိခင်ဌာနေကို ပြန်မလာဘူးဆိုရင် သူ့အနေနဲ့အမေရိကန်မှာ အလုပ်လုပ်ခွင့် ရမှာမဟုတ်ဘူးဟု သိရှိရသည်။

၂၀၁၂ ခုနှစ်ကစပြီး အမေရိကန်နိုင်ငံသို့ ပညာသင်သွားမယ့် ကျောင်းသားတွေကတော့ စာသင်ပြီးရင် ပြန်လာမယ်လို့ကတိပေးထားသည့် သဘောတူညီချက်ကို ပေးရမည် ဖြစ်ကြောင်း သိရသည်။ တကယ်လို့ Bond အတိုင်း မလုပ်ရင်တော့ ဒီကျောင်းသားကို ဥပဒေအရ အလုပ် လုပ်ခွင့်ရော ဆေးပညာနဲ့အလုပ် လုပ်ခွင့် ကိုပါ တားမြစ်ဖို့ အမေရိကန်ကို စာပို့မှာဟုသိရှိရသည်။

## 1 MAIN METRO START SCREEN

အဓိက ပြောင်းလဲတာကိုတော့ ၄င်းရဲ့ Start Screen လို့ ပြောနိုင်ပါတယ်။ ယခု Start Screen အတွင်း application ပေါင်းများစွာကို လွယ်ကူစွာ lunch နိုင်စေရန် ဖန်တီးထားပြီး apps များကိုလည်း Metro Style apps နှင့် ယခင် apps ပုံစံများအတိုင်း ရွေးချယ်အသုံးပြုသွားနိုင်ပါလိမ့်မယ်။ ထူးခြားချက်ကတော့ start screen အတွင်း email များ၊ appointment များကဲ့သို့သော သတင်းအချက်အလက်များကို ဖော်ပြပေးနိုင်သော်လည်း အားနည်းချက်ကတော့ ရင်းနှီးပြီးသား side-scrolling မပါရှိခြင်းပါပဲ။

## 2 WINDOWS STORE

Start Screen အတွင်းမှာတော့ Windows Store ဟာ Game (သို့) Music ကဲ့သို့ မတူညီသော Categories များဖြင့် ဟန်ချက်ညီနေပါတယ်။ Store ဟာ Metro Style အနေနဲ့သာမက desktop app အနေနဲ့ပါ ရှိနေမည်ဖြစ်ပြီး Developer များအတွက် apps များကို trial သဘော အချိန်အကန့်အသတ်ဖြင့် စမ်းသပ် အသုံးပြုခွင့် ပေးထားပါတယ်။

## 6 PERSONALISATION

profile name ကို click လုပ်ခြင်းဖြင့် setting များကို personalize လုပ်နိုင်ပါလိမ့်မယ်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အသုံးပြုသူဟာ profile photo၊ Metro background colour/pattern ပြောင်းလဲခြင်းနှင့် lock screen ပုံပြောင်းလဲခြင်းကို ပြုလုပ်နိုင်ပါလိမ့်မယ်။




## 7 SEARCH

Search အတွင်း metro apps များကို သီးခြား ရှာဖွေနိုင်ပြီး default အနေနဲ့ကလည်း PC အတွင်းရှိ apps များကိုသာ ရှာဖွေပေးပါတယ်။ သို့သော်လည်း သင့်အနေဖြင့် ပုံတွင် မြင်တွေ့ရသည့်အတိုင်း Category အလိုက် နှိပ်ကာ မိမိ ရှာဖွေလိုသည်များကို ရှာဖွေနိုင်ပါတယ်။

## 3 THUMBNAILS

သင့်ရဲ့ Mouse (သို့) လက်ကို screen ရဲ့ ဘယ်ဘက် အပေါ်ထိပ်သို့ ရွှေ့ပြီး အောက်ကို ပြန်ဆွဲချလိုက်မယ်ဆိုရင်တော့ မကြာသေးခင်ကမှ ဖွင့်လှစ်ထားတဲ့ application များပဲ ဖြစ်ပါတယ်။ အားနည်းတဲ့အချက်ကတော့ Thumbnails မှာ တခါတရံတွင် application များကို preview မပြသနိုင်ခြင်းပဲ ဖြစ်ပါတယ်။

## 8 CHARMS

ထူးထူးခြားခြားနဲ့ နာမည်ပေးထားတာကတော့ Screenရဲ့ အပေါ်ညာဖက်ထောင့်ကို mouse ရွှေ့လိုက်ပါက (သို့) touch screen ပေါ်တွင် လက်ချောင်းဖြင့် ဘယ်ဘက်မှ ညာဘက်သို့ ဆွဲခြင်း (သို့) Windows + C နှိပ်ခြင်းဖြင့် ပေါ်လာမည့် CHARMS menu ပဲ ဖြစ်ပါတယ်။ ၄င်းအတွင်း apps များမှ share ထားသော data များကို ရှာဖွေနိုင်ခြင်း၊ device များကို connect လုပ်၊ မလုပ်ကြည့်ရှုနိုင်ခြင်းနှင့် PC setting တို့ကို မွှေနှောက်နိုင်ခြင်း အစရှိသည်တို့ကို ပြုလုပ်နိုင်ပါတယ်။

## 10 SETTINGS

Setting charm အတွင်း မှာ တော့ Start Screen ၏ ညာ ဖက်ထောင့်တွင် ပေါ်လာမည့် notifications များ ကို on/off ပြုလုပ်နိုင်ပါတယ်။ ထို့ပြင် Network connection ကိုလည်း ထိုနေရာမှ ထိန်းချုပ်သွားနိုင်ပြီး speaker volume ကိုလည်း အတိုး၊ အလျှော့ ပြုလုပ်နိုင်ပါသေးတယ်။ အထူးခြားဆုံးကတော့ အဆိုပါ နေရာမှပဲ PC ကို switch off (သို့) restart ပြုလုပ်ရတာပါပဲ။

## 4 BOTTOM OPTIONS

Metro Tile ကို right-click (သို့) လက်ချောင်းဖြင့် ဖိထားမည်ဆိုပါက application တစ်ခုကို unpin၊ uninstall၊ (သို့) live data ပြုလုပ်မည်၊ မပြုလုပ်မည်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် menu အတွင်း tile ကို ချုံ့နိုင်၊ ကြီးနိုင်ပါတယ်။ background ကို right click နှိပ်မယ်ဆိုရင်တော့ apps တွေရဲ့ list အပြည့်အစုံကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

## 5 DESKTOP

ယခင်ပုံစံ Windows Desktop ဟာ Windows 8 မှာလည်း ပါဝင်လာပါတယ်။ ၄င်းကို Metro tile မှ တဆင့် မြင်တွေ့သွားနိုင်သလို Windows+D ကို နှိပ်ခြင်းဖြင့်လည်း မြင်တွေ့နိုင်ပါသေးတယ်။ Start Button ကတော့ ကွက်လပ်ကြီးတစ်ခု ဖြစ်နေပြီး left-click နှိပ်မှသာလျှင် Start Screen ကို ရောက်ရှိမည်ဖြစ်ကာ right-click နှိပ်လျှင်လည်း advanced option ကို မြင်တွေ့နိုင်ပါတယ်။ အားနည်းချက်ကတော့ Windows Start Menu ကို လုံးဝမြင်တွေ့သွားရတော့မှာ မဟုတ်ပါဘူး။ scrolling မပါရှိခြင်းပါပဲ။

## 9 ZOOMED-OUT VIEW

profile ပုံဘေးမှာရှိတဲ့ မှန်ဘီလူးပုံကို နှိပ်လိုက်မယ် ဆိုရင်တော့ မိမိရဲ့ Desktop ကို အဝေးမှ ကြည့်နေရသကဲ့သို့ ဖြစ်နေစေရန် ပြုလုပ်နိုင်ပါလိမ့်မယ်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် tile group များကို rename ပေးသွားနိုင်ပြီး၊ group တစ်ခုသို့လည်း ရှင်းရှင်းလင်းလင်း မြင်တွေ့ကာ ဝင်ရောက်သွားနိုင်ပါတယ်။







STAR TECH AUTHORIZED IT DISTRIBUTOR
Building No.351, Room 101, Thein Phyu Road, Mingalar Taung Nyunt Township, Yangon, Union of Myanmar
Tel +95.1. 399 239, 399 192 Email sales.st@myanmarstargroup.com Website www.myanmarstargroup.com

# Lenovo IdeaPad Y570

**PRICE** USD 1059
**DISTRIBUTOR** KMD (၀၁ ၂၄၅ ၁၈၀)



အနက်ရောင် အဆင်းသဏ္ဍာန်ရှိပြီး ဒီဇိုင်းအနေနဲ့ ထုထည်ကြီးမားတဲ့ Lenovo Idea Y570 ဟာ Desktop အစား အသုံးပြုရမယ့် Laptop တစ်လုံးဆိုတာကို ယုံမှားဖွယ်မရှိပါဘူး။ အကြောင်းအရင်းကတော့ ၄င်းအတွင်း Processor ကို Core i7 i7 2630QM/2.0 GHz ကို အသုံးပြုပေးထားပြီး Turbo Speed ကို 2.9 GHz အထိ မြှင့်တင်ပေးနိုင်ပါတယ်။ ထို့ပြင်Memory ကိုလည်း 8GB ထည့်သွင်းပေးတဲ့ အချက်နဲ့တင် ဒီ Laptop ဟာ သာမန်အဆင့်ထက် ပိုမိုတဲ့ Laptop ဆိုတာသိသာပါတယ်။ ထို့နောက် Laptop ဖြင့် ဂိမ်းကစားလိုသူတွေ၊ ခရီးသွားတဲ့အခါ စိတ်ကူးပေါက်ရာ ဒီဇိုင်းဆွဲလိုသူတွေအတွက်ကို Graphic အနေနဲ့ NVIDIA GeForce 55M 1 GB ကို ထည့်သွင်းပေးထားသည့်အပြင် Onboard ဟာလည်း Intel HD Graphics 1GB ရှိတဲ့အတွက် Graphic က 2 GB ဖြစ်နေပါလိမ့်မယ်။ ယခုလို Graphic ကောင်းကောင်း အသုံးပြုထားတဲ့ Lenovo IdeaPad Y570 ရဲ့ မျက်နှာပြင် အကျယ်ဟာ ၁၅.၆ လက်မရှိပြီး Resolution ကို HD အရည်အသွေး ရရှိနေပါလိမ့်မယ်။ သိုလှောင်မှု ပမာဏ (HDD) ကို 750 GB ထည့်သွင်းထားခြင်းနှင့် DVD-RW/ BD ROM ထည့်သွင်းပေးထားခြင်းကလည်း ပြောရရင် Lenovo ဟာ ၄င်းရဲ့ အသုံးပြုသူ တွေကို Optical Drive တွေ၊ HDD တွေနဲ့ ပတ်သက်ရင် မျက်နှာမငယ်စေချင်တဲ့ ပုံစံပါပဲ။ Wireless Network အနေနဲ့ ကတော့ 802.11 b/g/n ပါဝင်ပြီး Card Reader ကတော့ 6 in 1 ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ဖော်ပြရရင်တော့ Lenovo IdeaPad Y570 ဟာ အလေးချိန်အနေနဲ့ ၆ ပေါင်သာ ရှိမည်ဖြစ်ပြီး Battery အနေနဲ့ကတော့ ၄ နာရီသက်တမ်း ခံနိုင်ရည်ရှိတဲ့ 6-Cell Lithium ion ကို အသုံးပြုထားတယ်ဆိုတာပါပဲ။

## အားသာချက်

Gamer တွေအတွက်ကတော့ Lenovo IdeaPad Y570 က လက်မလွှတ်သင့်တဲ့ Laptop တစ်လုံးဖြစ်ပါတယ်။ ညင်သာတဲ့ Keyboard နဲ့ USB 3.0 ပါဝင်ပြီး HD အရည်အသွေးပေးစွမ်းနိုင်မှုကတော့ Lenovo ရဲ့ အကောင်းဆုံး ပေးစွမ်းမှုပဲ ဖြစ်နေပါလိမ့်မယ်။

## အားနည်းချက်

ထုထဲတဲ့ ဒီဇိုင်းဟာ Laptop ကို ရုပ်ဆိုးစေပြီး ရှေးယခင် Laptop ကြီးများကိုပင် အမှတ်ရစေပါတယ်။

## ချုံ့သုံးသပ်ချက်

အဆင်မပြေတဲ့ ဒီဇိုင်းကိုစွက် ဘေးမှာ ခဏချိတ်ထားမယ်ဆိုရင်တော့ Lenovo IdeaPad Y570 ဟာ အကောင်းစား Power Laptop တစ်လုံးပဲ ဖြစ်ပါတယ်လို့ ဆိုပါရစေ။

| | |
|---|---|
| **OVERALL** | ★★★☆ |
| **PERFORMANCE** | ★★★★☆ |
| **BATTERY LIFE** | ★★★☆ |
| **FEATURES & DESIGN** | ★★☆☆ |
| **VALUE 3 Star** | ★★☆ |

# GIGABYTE P2532N

**PRICE** K 904,000
**DISTRIBUTOR** STAR -TECH (၀၁ ၃၉၉ ၂၃၉)



အနက်ရောင်ကို ငွေရောင်ဖောက်ထားတဲ့ ဒီဇိုင်းနဲ့ Gigabyte P2532N Notebook ဟာ ရိုးရှင်းဟာ ပုံစံရှိပြီး ထူထဲပါတယ်။ စွမ်းအားမြင့် Notebook တစ်လုံးဖြစ်တာနဲ့အညီ Gigabyte P2532N Notepad ဟာ Intel Core i7-2630QM processor ကို အသုံးပြုထားပါတယ်။ ထို့ပြင် ၄င်းစွမ်းရည်ကို လိုက်ဖက်ညီစေတဲ့ Memory ပမာဏဟာ 8GB ဖြစ်နေတဲ့အတွက် Notebook တစ်လုံးအတွက် ရှိသင့်တဲ့ ပမာဏထက် ပိုနေတယ်လို့တောင် ပြောနိုင်ပါတယ်။ သို့သော်လည်း ဒီ Notebook ရဲ့ Graphic အရည်အသွေးကို ဖော်ပြရရင် အသုံးပြုသူတွေအနေနဲ့ အထက်ပါ အချက်များဟာ နည်းနေတယ် လို့တောင် ထင်နေပါလိမ့်မယ်။ P253N Notepad အတွင်း NVIDIA GT550M 2GB ထည့်သွင်းပေးထားပြီး ၄င်းရဲ့၁၅.၆ လက်မ အရွယ်အစားရှိ မျက်နှာပြင်ဟာ 1920 x 1080 resolution ကိုပေးစွမ်းနိုင်ကာ HD အရည်အသွေးကိုလည်း ရရှိနိုင်ပါသေးတယ်။ အသုံးပြုသူများအတွက် သိုလှောင်မှုပမာဏကို 750GB ထားရှိပေးထားပြီး Optical Drive ကိုတော့ DVD-RW ထည့်သွင်းပေးထားပါတယ်။ Card Reader အနေနဲ့ 4 in 1 card reader ပါဝင်မှာဖြစ်ပြီး USB 3.0 လည်းပါဝင်မှာဖြစ်တဲ့အတွက် နောက်ဆုံးပေါ် နည်းပညာ စိတ်ဝင်စားသူတွေအတွက် အံကိုက်ဖြစ်နေပါလိမ့်မယ်။ အလေးချိန်အနေနဲ့ ၅.၈ ပေါင် ရှိတဲ့ Gigabyte P253N Notebook ဟာ Battery သက်တမ်းအနေနဲ့ကတော့ ၄ နာရီ သက်တမ်း ခံနိုင်ရည် ရှိပါလိမ့်မယ်။

## အားသာချက်

ဈေးနှုန်းသင့်တင့်မှုနဲ့ မြင့်မားတဲ့ Graphic စွမ်းရည်အပြင် Resolution မြင့်မြင့် ရရှိမှုတို့ကတော့ ဒီ Notebook ကို အဓိက စွဲဆောင်ထားတဲ့အချက်ပဲ ဖြစ်ပါတယ်။

## အားနည်းချက်

ထူထဲတဲ့ ဒီဇိုင်းနဲ့ Gigabyte Notebok ရဲ့ BD ROM မပါဝင်မှုဟာ အခြား စွမ်းရည်မြင့် Laptop များထက် အားနည်းတဲ့ အချက်ပဲဖြစ်ပါတယ်။

## ချုံ့သုံးသပ်ချက်

၁၅ လက်မအရွယ်အစားရှိတဲ့ Gigabyte P253N Notebook ဟာ 1080 p နဲ့ HD အရည်အသွေးကို ပေးစွမ်းထားခြင်း၊ မြင့်မားတဲ့ Graphic စွမ်းရည်၊ ကြည်လင်ပြတ်သားတဲ့ 5.1 surrounded အသံစွမ်းရည်တို့ဟာ ၄င်းရဲ့ လေးလံထိုင်းမှိုင်းတဲ့ ဒီဇိုင်းအသွင်အပြင်ကိုတောင် မေ့လျော့သွားစေနိုင်ပါတယ်။

| | |
|---|---|
| **OVERALL** | ★★★☆ |
| **PERFORMANCE** | ★★★★☆ |
| **BATTERY LIFE** | ★★★☆ |
| **FEATURES & DESIGN** | ★★☆ |
| **VALUE 3 Star** | ★★★★☆ |



## Microsoft မှ Windows Live အမှတ်တံဆိပ်ကို အနားပေးတော့မည်

By YHT

Microsoft မှ ၄င်းတို့၏ နာမည်ကျော် အွန်လိုင်း ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Windows Live အမှတ်တံဆိပ်ကို ရပ်နားသွားတော့မှာ ဖြစ်ကြောင်း ကြော်ငြာခဲ့ပါတယ်။

၄င်းတို့၏ Blog တွင် ကြော်ငြာထားချက်များအရ Microsoft မှာ နောက်ထပ်မျိုးဆက်သစ် OS ဖြစ်သည့် Windows 8 ထုတ်လုပ်မည် ဖြစ်သည့်အတွက် ယခင် ဝန်ဆောင်မှုဟောင်းများကို ရပ်နားသွားရန် စီစဉ်ခဲ့ကြောင်း၊ ထိုထဲတွင် ၂၀၀၅ ခုနှစ်အတွင်းမှ စတင်ထုတ်လုပ်ခဲ့သည့် Windows Live အမှတ်တံဆိပ်လည်း အပါအဝင် ဖြစ်ကြောင်း သိရပါတယ်။

Microsoft ၏ တာဝန်ရှိသူတစ်ဦးမှတော့ Windows 8 အတွင်း အွန်လိုင်း apps များကို စုစည်းပေးထားမည့် Metro Style Start Page ပါဝင်လာသည့်အတွက် ယခင်ကလို အွန်လိုင်း ဝန်ဆောင်မှု apps များကို သီးခြား install ပြုလုပ်သွားရန်မလိုကြောင်း အဆိုပါ blog post ၌ ပြောကြားထားပါတယ်။

ထို့ပြင် ၄င်းမှ ထပ်မံ၍ လာမည့် လပိုင်းအနည်း ငယ်တွင် Microsoft ၏ အွန်လိုင်း ဝန်ဆောင်မှု များဖြစ်သော Microsoft Account၊ Sky Drive၊ Mail၊ Calendar၊ People၊ Photo/Video၊ Messenger အစရှိသည်တို့ကို စုပေါင်းပေးထားနိုင်မည့် ဝန်ဆောင်မှုတစ်ခုကို ပြုလုပ်သွားရန် စီစဉ်ထားကြောင်းနှင့် အဆိုပါ ဝန်ဆောင်မှုကို web browser မှ တဆင့် အသုံးပြုနိုင်စေရန် ပြုလုပ်မည် ဖြစ်ကြောင်း သိရပါတယ်။

*Ref: PC World*

## Microsoft မှ Barnes & Noble သို့ ဒေါ်လာ သန်း ၃၀၀ ရင်နှီးမြှုပ်နှံ

By YHT

Microsoft မှ E-Book လောကအတွင်း Amazon နှင့် Apple တို့ကို ယှဉ်ပြိုင်သွားနိုင်ရန် အတွက် စာအုပ်အရောင်းဌာနဖြစ်သော Barnes & Noble သို့ ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံလိုက်ကြောင်း သိရပါတယ်။

Barnes and Noble မှ ယခုကဲ့သို့ Microsoft နှင့် ပူးပေါင်းလိုက်ခြင်းအားဖြင့် ၄င်းတို့၏ Nook များ အတွက် ထူးခြားသော စနစ်သစ်များကို ပေါင်းထည့်သွားနိုင်ပြီး ပညာရေးဆိုင်ရာ အထောက်အကူပြု နည်းလမ်းများကိုလည်း ထည့်သွင်းပေးသွားနိုင်ကြောင်း ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးမှ ကြော်ငြာခဲ့ပါတယ်။

သတင်းများအရ Barnes and Noble မှာ ကုမ္ပဏီ ရှယ်ယာ ၈၂.၄ ရာခိုင်နှုန်းကို ဆက်လက်ပိုင်ဆိုင်မည်ဖြစ်ပြီး Microsoft မှ စတော့ ရှယ်ယာ ၁၇.၆ ရာခိုင်နှုန်းကို ထိန်းချုပ်ထားမည်ဖြစ်ကြောင်း သိရပါတယ်။

ထို့နောက် ၄င်းတို့ ကုမ္ပဏီ ၂ခု ပူးပေါင်းခြင်းဖြင့်ပထမဆုံးမြင်တွေ့ရမည့်အကျိုးဆက်ကတော့ Windows 8 အတွင်း Nook app ပါဝင်လာမည် ဖြစ်ပြီး Nookမှလည်း Windows ၏ Hardware လိုအပ်ချက်များ အလိုက် လေ့လာကာ စာအုပ်များ ထုတ်လုပ်သွားနိုင်မှာ ဖြစ်ကြောင်း သိရပါတယ်။

*Ref: PC World*

## Facebook မှ Action Links ဟူသော feature အသစ်ကို ထည့်သွင်း

By YHT




Facebook မှ ယခင်တစ်ပတ်အတွင်း developer များအတွက် ရည်ရွယ်ကာ အသုံးပြုသူများ၏ app content များကို ပိုမိုသိရှိနားလည်သွားနိုင်စေရန် Action Links ဟူသော feature တစ်ခုကို စတင်ထည့်သွင်းလိုက်ကြောင်း သိရပါတယ်။

Facebook ၏ နာမည်ကျော် feature များဖြစ်သည့် Like နှင့် Share တို့ အပြင် ယခု အသစ် ထုတ်လုပ်လိုက်သည့် Action Links မှာ အသုံးပြုသူများကို ၄င်းတို့၏ content အား ပိုမို အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

၄င်းတို့၏ ဥပမာပြပုံအရ အသုံးပြုသူမှာ နေရာတစ်ခု အကြောင်း content တွေ့ရှိပြီ ဆိုပါက အသစ်ထွက်လာသော feature ဖြင့် "save this place" ဟူသော Link ကို ဖန်တီးနိုင်ကြောင်း သိရပါတယ်။ ထို့ပြင် developer များမှလည်း ပိုမို customize ဖြစ်သော links များကို content များအောက်တွင် စိတ်ကြိုက် ဖန်တီးသွားနိုင်မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

*Ref: CNET*

## Microsoft မှ June လအတွင်း Windows Phone Developer Summit ပြုလုပ်မည်

By YHT

လာမည့် June လဟာ နည်းပညာ စိတ်ဝင်စားသူများအတွက် အလွန်အလုပ်ရှုပ်စေမယ့် လလို့ ပြောရင် မမှားပါဘူး။ အကြောင်းကတော့ June လ အတွင်း Apple ရဲ့ WWDC 2012 နှင့် Google ၏ Google I/O ရှိသလို ယခုလည်း Microsoft မှ Windows Phone Developer Summit ကို June လ အတွင်းမှာပင် ပြုလုပ်သွားမည် ဖြစ်ကြောင်း ကြော်ငြာသွားခဲ့လို့ပါပဲ။

ကြော်ငြာချက်များအရ Microsoft ဟာ Windows Phone Developer Summit ကို June လ ၂၀ နှင့် ၂၁ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲအတွင်း Developer များအနေဖြင့် Windows Phone Platform ၏ အဓိကကျသော အစိတ်အပိုင်းများနှင့် မည်ကဲ့သို့ အကျိုးရှိစွာ အသုံးချသွားရမည်များကို သိရှိသွားရမှာ ဖြစ်ကြောင်း သိရပါတယ်။

| | MODEL | Rating | Features and Specifications |
|---|---|---|---|
| 1 |  HP Touch Smart 9300 Elite $1599 | ★★★★☆ VERY GOOD | - 3.4GHz Corei7-2600<br>- 8GB RAM; 1TB storage<br>- Nvidia GeForce GT 425M<br>- Blu-ray drive |
| 2 |  HP Omni 27 $1250 | ★★★★☆ VERY GOOD | - 2.5GHz Corei5-240OS<br>- 8GB RAM; 1TB storage<br>- Intel integrated graphics<br>- Blu-ray drive |
| 3 |  Lenovo IdeaCenter B320 $899 | ★★★½☆ VERY GOOD | - 2.7GHz Corei5-250OS<br>- 4GB RAM; 2TB storage<br>- AMD Radeon HD 6450<br>- DVD-RW drive |
| 4 |  HP Omni 220 Quad $1000 | ★★★½☆ VERY GOOD | - 2.8GHz Corei7-260OS<br>- 6GB RAM; 500GB storage<br>- Intel intergrated graphics<br>- DVD-RW drive |
| 5 |  Lenovo ThinkCenter Edge M91z $900 | ★★★½☆ VERY GOOD | - 2.5GHz Corei5-240OS<br>- 4GB RAM; 500GB storage<br>- Intel intergrated graphics<br>- DVD-RW drive |
| 6 |  Samsung Series 7 All-in-One $1199 | ★★★☆☆ GOOD | - 2.7GHz Corei5-239OT<br>- 8GB RAM; 1TB storage<br>- Intel intergrated graphics<br>- DVD-RW drive |
| 7 |  Dell Inspiron One 2320 $1250 | ★★★☆☆ GOOD | - 2.5GHz Corei5-240OS<br>- 8GB RAM; 2TB storage<br>- Nvidia GeForce GT 525M<br>- Blu-ray drive |

| | MODEL | Rating | Features and Specifications |
|---|---|---|---|
| 1 |  Dell XPS 14z $1199 | ★★★★☆ VERY GOOD | - 2.8 GHz Core i7-2640M<br>- 14.0 - inch widescreen<br>- 4.4 pounds<br>- 750 GB hard drive |
| 2 |  HP Pavilion dv6 $799 | ★★★★☆ VERY GOOD | - 2.3 GHz Core i5-2410M<br>- 15.6 - inch widescreen<br>- 5.7 pounds<br>- 640 GB hard drive |
| 3 |  Lenovo ThinkPad T420 $1249 | ★★★★☆ VERY GOOD | - 2.5 GHz Core i5-2520M<br>-14.0 - inch widescreen<br>- 5.2 pounds<br>- 500 GB hard drive |
| 4 |  MSI X460DX $849 | ★★★★☆ VERY GOOD | - 2.3 GHz Core i5-2410M<br>- 14.0 - inch widescreen<br>- 4.5 pounds<br>- 500 GB hard drive |
| 5 |  Gateway ID47HO2u $699 | ★★★★☆ VERY GOOD | - 2.3 GHz Core i5-2410M<br>- 14.0 - inch widescreen<br>- 4.5 pounds<br>- 500 GB hard drive |
| 6 |  Lenovo IdeaPad U400 $840 | ★★★½☆ VERY GOOD | - 2.4 GHz Core i5-2430M<br>- 14.0 - inch widescreen<br>- 4.3 pounds<br>- 750 GB hard drive |
| 7 |  Sony VAIO S Series $1000 | ★★★½☆ VERY GOOD | - 2.4 GHz Core i5-2310M<br>- 15.5 - inch widescreen<br>- 4.3 pounds<br>- 640 GB hard drive |

# Bento 4



ယခင်တစ်ပတ်က ဖော်ပြခဲ့သည့် Filemaker ၏ OS X အတွက် personal database အဖြစ် ထုတ်လုပ်ထားတာကတော့ Bento ဖြစ်ပါတယ်။ ထို့ပြင် Bento ဟာ Mac OS X အသုံးပြုသူများ မိမိ၏ လုပ်ငန်းကို စုစုစည်းစည်းဖြစ်နေချင်သူများအဖို့ အကောင်းဆုံး application တစ်ခုလို့ ပြောနိုင်ပြီး ၄င်းတွင် ပါဝင်သော Custom Labels၊ lock forms၊ location-based features နှင့် ပိုမိုကောင်း မွန်သော database sharing တို့ကလည်း အသုံးပြုသူတွေအတွက် အားရစရာအချက်တစ်ခုပဲဖြစ်ပါတယ်။

## Bento နှင့် စတင်ခြင်း

တစ်ကယ်တော့ Bento ဆိုတာဟာ မိမိရဲ့ information များကို အဆင့်ဆင့် စနစ်ကျစွာပြုလုပ်ပေးနိုင်သော software တစ်ခုလို့ ပြောနိုင်ပါတယ်။ ဆိုလိုတာကတော့ မိမိ data base အတွင်း မတူညီသော field များ (နာမည်၊ နေရပ်လိပ်စာ၊ အချိန် အစရှိသဖြင့်) ကို စည်းကာ record ပြုလုပ်ပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ထို့ပြင် အဆိုပါ Library များကိုလည်း Smart Collection များ (ကဏ္ဍအလိုက် record များကို group ဖွဲ့ထားနိုင် ခြင်း) အဖြစ် sub divide ပြုလုပ်နိုင်ခြင်းနှင့် folder များကိုလည်း သက်ဆိုင်ရာ libraries များအလိုက် Group ဖွဲ့ထားနိုင်ခြင်း တို့ကို ပြုလုပ်နိုင်ပါသေးတယ်။



သို့သော်လည်း Bento အတွင်း Template များပါဝင်တဲ့အတွက် ထိုကဲ့သို့ပြုလုပ်ခြင်းများကို အသုံးပြုသူများအနေနဲ့ စိတ်ပူစရာမလိုပဲ သင့်အနေနဲ့ ကိုယ့်ရဲ့ recipe များနှင့် member များကိုသာ စနစ်တကျ ပြုစုထားဖို့လိုပါလိမ့်မယ်။ တစ်နည်းပြောရရင်တော့ Bento အတွင်း အသုံးပြုရမယ့် Technical ပိုင်းဆိုင်ရာတွေကို စိတ်ပူစရာမလိုမယ့် အနေအထားပါပဲ။

Bento 4 ဟာ စစချင်းမှာတော့ သင့်ကို Tutorial Video များနဲ့ ကြိုဆိုနေပါလိမ့်မယ်။ သို့သော်လည်း သင့်အနေနဲ့ database software တစ်ခုကို အသုံးပြုရတာ ကြောက်ရွံ့ခြင်းမရှိဘူး ဆိုရင်တော့ အလွယ်တကူပဲ အသုံးပြုနိုင်ပါပြီ။ ဟုတ်ပါတယ်၊ Bento 4 ကို သာမန် အသုံးပြုသူတွေတောင် database software တစ်ခုအဖြစ် မြင်တွေ့ရမှာ မဟုတ်ပဲ၊ အချက်အလက်တွေကို စနစ်တကျသိမ်းဆည်းနိုင်တဲ့ software အကောင်းစားတစ်ခု အဖြစ်သာ ထင်မြင်လေ့ရှိပါတယ်။

နောက်ထပ်အချက်ကတော့ Bento 4 ဟာ Apple ရဲ့ Address Book၊ iCal၊ iPhoto နှင့် Mail တို့နှင့် တွဲဖက်ကာ အလုပ်လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ ပြောရရင်တော့ Bento 4 ကို စလိုက်ပြီ ဆိုတာနဲ့ အဆိုပါ Feature များကို ဝင်ရောက်ဖို့အတွက် iTune ပုံစံ panel ကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ထို့နောက် အဆိုပါ feature များမှ အချက်အလက်များကို မိမိရဲ့ information ထဲသို့ ပေါင်းထည့်ကာ တွဲဖက်အလုပ်ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဆိုရရင်တော့ iCal ထဲမှ Event Library ကို contact form ရှိ လူတစ်ဦးချင်းဆီအလိုက် ပတ်သက်ရာ upcoming events များနှင့် ချိတ်ဆက် အသုံးပြုသွားနိုင်ခြင်းပါပဲ။ ထို့ပြင် ထိုကဲ့သို့ အသုံးပြုရခြင်းကလည်း user-friendly ဖြစ်တာကို တွေ့ရပါတယ်။

## Templates



Bento 4 အတွင်းမှာ လွန်စွာအသုံးဝင်တဲ့ Template များဖြစ်တဲ့ Vacation Planner၊ Health Record၊ Job Search၊ My House Search၊ Wine Collection၊ Party Planner နှင့် Meeting Notes အစရှိသဖြင့် ပါဝင်ပါတယ်။ ထို့ပြင် အသုံးပြုသူများဟာ အွန်လိုင်းအတွင်း အခြားအသုံးပြုသူများ ဖန်တီးထားသော Template များကို Template Exchange မှ တဆင့် ရယူနိုင်ပါသေးတယ်။


သင့်အနေနဲ့ Template တစ်ခုမှနေ၍ Library တစ်ခုကို ဖန်တီးမယ် ဆိုရင် ဘယ်ဘက်ထောင့်တွင်ရှိသော အပေါင်းလက္ခဏာ ရှိသော sign ကို နှိပ်၍သော်လည်းကောင်း၊ File ထဲမှ New File from Template ကိုရွေးချယ်၍သော်လည်းကောင်း ပြုလုပ်သွားနိုင်ပါတယ်။ ထို့နောက် available thumbnail များပါဝင်သည့် window တစ်ခုကျလာမည်ဖြစ်ပြီး ထိုထဲတွင်မှ သင်ဟာ Education၊ Personal နှင့် Work အစရှိသည့် ကဏ္ဍများကို ရွေးချယ်သွားနိုင်မှာ ဖြစ်ပါတယ်။

အကယ်၍ သင်ဟာ ရှိနှင့်ပြီးသား Template များမှ မစတင်ချင်ဘူး ဆိုရင်တော့ Blank Field ထဲသို့ မိမိစိတ်ကြိုက် field များထည့်သွင်း ခြင်းဖြင့် စတင်အသုံးပြုနိုင်ပါတယ်။ ထိုကဲ့သို့ field တစ်ခုကို create လုပ်ရာတွင်လည်း Bento 4 ဟာ သင့်ကို Text၊ Number၊ Choice၊ Checkbox၊ Media၊ File List၊ Message List၊ Simple List တို့မှ တဆင့် ရွေးချယ်သွားနိုင်ရန် စီစဉ်ပေးထားပါတယ်။ Bento 3 တွင် စတင်မိတ်ဆက်ပေးခဲ့သော Simple List feature ကတော့ ယခုအချိန်မှာ spreadsheet လို function မျိုး ပါဝင်လာပြီ ဖြစ်ပြီး ၄င်းမှတဆင့် လုပ်ငန်းအတွင်း အလွန်အသုံးဝင်သည့် တွက်ချက်မှုများ (Calculation) များကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

Filed များကို စိတ်ကြိုက်ရွေးချယ်ပြီးချိန်မှာတော့ ၄င်းတို့ကို form view ထဲသို့ drag ဆွဲထည့်ကာ မိမိလိုသလို စီထားနိုင်ပြီ ဖြစ်ပါတယ်။ သင့်အနေနဲ့ grid element တွေရဲ့ size ကို ပြောင်းလဲသွားနိုင်ပြီး title များကိုလည်း ရွေးချယ်နိုင်ပါတယ်။ ထို့ပြင် ထူးခြားချက်ကတော့ အသုံးပြုသူများအနေနဲ့ split screen ပြုလုပ်နိုင်ပြီး အဆိုပါ split screen မှ နေ၍ Record များကို သီးခြား ဖော်ပြပေးသွားနိုင်မှာ ဖြစ်ကာ Table များကိုလည်း သီးခြား မြင်တွေ့သွားနိုင်မှာ ဖြစ်ပါတယ်။

Bento 4 မှာ နောက်ထပ် ထူးထူးခြားခြား မြင်တွေ့သွားနိုင်မယ့် feature ကတော့ form များကို lock လုပ်သွားနိုင်ခြင်း ပဲဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်နိုင်ခြင်းဖြင့် form များကို မှားယွင်းစွာ ဖျက်မိခြင်းရန်မှ ကာကွယ်ပြီးသားဖြစ်နေမည် ဖြစ်ပြီး lock/unlock ကိုလည်း record ၏ အောက်ညာဖက်ထောင့်မှ lock ပုံစံကိုနှိပ်၍ ပြုလုပ်နိုင်ပါတယ်။

ဒါဆိုရင်တော့ Bento 4 ရဲ့ နောက်ထပ် Feature သစ်တွေကို လေ့လာရကြည့်ကြပါမယ်။



## Form Printing Option

ယခုအချိန်တွင် သင့်အနေဖြင့် invoice များ၊ sales order များနှင့် အခြား form များကို print ထုတ်သွားနိုင်မည့် print option များ ပါဝင်လာမှာ ဖြစ်ပါတယ်။

. form များကို print ထုတ်ပါက page margin များ သတ်မှတ် ထားနိုင်ခြင်း
. field border များ မပါပဲ form များကို print ထုတ်နိုင်ခြင်း
. print ထုတ်ရာတွင် သေသပ်လှပမည့် themes များ ပါဝင်လာခြင်း

## Export Templates with Data

ယခုအချိန်တွင် သင့်ရဲ့ data များကို bento template များနှင့်တကွ export ပြုလုပ်နိုင်ပြီး pre-populated database များကိုလည်း အခြား bento အသုံးပြုသူများနှင့် Share ပြုလုပ်သွား နိုင်မှာ ဖြစ်ပါတယ်။

## Easy Date Searching

အသစ်ပါဝင်လာသော date searching ကို အသုံးပြုခြင်းဖြင့် အချိန်ကို အလိုအလျောက်သိစေနိုင်မည့် information များအတွက် Smart Collection ကို ဖန်တီးနိုင်ပါလိမ့်မယ်။

ဒါတွေကတော့ Bento 4 အတွင်း အသစ်ထပ်မံပါဝင်လာတဲ့ Feature များဖြစ်ပါတယ်။ အချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ Bento 4 ဟာ အခြား ရှုပ်ထွေးသော database software များလို ခက်ခက် ခဲခဲ စဉ်းစားစရာမလိုပဲ သာမန် အသုံးပြုသူတွေ ၄င်းတို့ရဲ့ အချက်အလက်များကို အလွယ်တကူ စနစ်တကျ စုစည်းနိုင်မယ့် database application တစ်ခုလို့ဆိုနိုင်ပါတယ်။ နောက်ဆုံး အနေနဲ့ကတော့ Bento ဟာ Mac အတွက် cosumer-end database software တစ်ခုလို့ ဆိုနိုင်ပေမယ့် အကောင်းဆုံးနှင့် အသင့်တော်ဆုံး software တစ်ခုလို့သာဆိုပါရစေ။

### အားသာချက်

iCal၊ Contacts နှင့် iPhoto တို့ တွဲဖက်ပါဝင်ပြီး database ကိုလည်း share သွားနိုင်ပါတယ်။ ထို့ပြင် အသုံးဝင်လှသော template များကို ရွေးချယ်နိုင်ခြင်းဟာ အကောင်းဆုံး အားသာချက် တစ်ခုဖြစ်ပြီး အွန်လိုင်းမှတဆင့် အခြားသူများ၏ template များကို ရွေးချယ်သုံးစွဲနိုင်တာကလည်း စိတ်ကျေနပ် စရာပါ။

### အားနည်းချက်

Cloud ဝန်ဆောင်မှုမရှိခြင်းနှင့် Windows အတွက် မထုတ်လုပ်ထားခြင်းတို့က အဓိကအားနည်းချက်ပါပဲ။

### ချုံ့ငုံသုံးသပ်ချက်

အသုံးဝင်သော Template များ ပါဝင်ခြင်း၊ local network အတွင်း database sharing ကို inroads towards ပြုလုပ်နိုင်ခြင်းနှင့် Security Option အသစ်ပါဝင်လာခြင်းတို့ကြောင့် Bento 4 ဟာ မရှိမဖြစ် သုံးစွဲသင့်တဲ့ personal database ပဲဖြစ်ပါတော့တယ်။



## Apple ၏ ဒုတိယ ဥက္ကဌမှ ဒေါ်လာ ၃၈.၇ သန်း တန်ကြေးရှိ ရှယ်ယာများ ထုတ်ယူခဲ့

By YHT



ယခင်လအတွင်း Apple ၏ CEO ဖြစ်သူ Tim Cook မှ Apple ၏ Stock Share မြင့်တက်လာမှုအတွက် ဒေါ်လာသန်း ပေါင်းများစွာ ဆုချီးမြှင့်ခြင်းခံခဲ့ရခြင်းနှင့်အတူ ၄င်း၏လစာမှာလည်း ပေါ်ထွက်ခဲ့ပါတယ်။ ထိုထဲမှ Tim Cook ဟာ ၄င်းရဲ့ နစ်နာ ကြေးရယူလိုမှုများနှင့် ပတ်သက်၍ Share အချို့ကို ငွေသားဖြင့်ပြန်လည် လဲလှယ်ခဲ့ပါတယ်။

ယခုအချိန်တွင်လည်း Apple ၏ ထိပ်တန်းပိုင်း အရာရှိတစ်ဦးဖြစ်သူ Scott Forstall မှ Apple တွင် ၄င်းပိုင်ဆိုင်သော ရှယ်ယာပေါင်း ၆၄၀,၀၀၀ ကို ငွေသားဖြင့်ပြန်လည် လဲလှယ်ခဲ့ပြီး ဒေါ်လာ ၃၈.၇ သန်းရရှိခဲ့ကြောင်း သိရပါတယ်။ သတင်းများအရ Scott မှာ အဆိုပါ ရှယ်ယာများကို ၂၀၀၈ ခုနှစ်အတွင်း ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး ထိုထဲမှ ရှယ်ယာပေါင်း ၁၂၀,၀၀၀ bonus အနေဖြင့် ရရှိခဲ့ကြောင်း သိရပါတယ်။

၄င်းဟာ အဆိုပါ ရှယ်ယာများကိုလည်း ငွေကြေးဖြင့် ပြန်လည်လဲလှယ်ခဲ့သော်လည်း ကုမ္ပဏီအတွင်း ထပ်မံရင်းနှီးမြှုပ်နှံရန် ရှယ်ယာပေါင်း ၂၅၀,၀၀၀ ကျန်ရှိ နေသေး ကြောင်းသိရပါတယ်။ Apple တွင် Scott မှာလက်ရှိအချိန်တွင် တစ်နှစ်လစာ ဒေါ်လာ ၇၀၀,၀၀၀ ရရှိနေပြီး လေ့လာဆန်းစစ်သူများမှတော့ Scott အနေဖြင့် ယခုလို များပြားသော ပိုက်ဆံများ ရရှိနေမှုကို အံ့အားသင့်နေကြကာ အများစုကတော့ Apple

## iMessage ကို ပြည်တွင်း၌ အသုံးပြုနိုင်ပြီ

By YHT

ယနေ့အချိန် ပြည်တွင်း၌ ဖုန်းဖြင့် ဆက်သွယ်ခေါ်ဆိုမှုများ များပြားလာသည့် အပြင် ဈေးနှုန်းနည်းပါးပြီး သူငယ်ချင်း၊ မိတ်ဆွေ အပေါင်းအသင်း အချင်းချင်း စာတိုဖြင့် အပြန်အလှန်ဆက်သွယ်သည့် SMS ပေးပို့ခြင်းကလည်း ခေတ်စားလာခဲ့ပါတယ်။

ယခု မိတ်ဆက်ပေးချင်တာကတော့ Apple မှ iOS 5.1 ထုတ်လုပ်ခြင်းနှင့်အတူ ပူတွဲ ပါဝင်ခဲ့သည့် iMessage ပဲဖြစ်ပါတယ်။

iPhone အသုံးပြုသူများမှာ မိမိတို့၏ ဖုန်း၌ wi fi connection ရရှိနေပါက iMessage ကို sign in ဝင်ရောက်ကာ သူငယ်ချင်း အချင်းချင်း အပြန်အလှန် message ပေးပို့နိုင်မည် ဖြစ်ပြီး ထူးခြားချက်ကတော့ ၄င်းဟာ အင်တာနက် ကွန်နက်ရှင်ကိုသာ အသုံးပြုသည့် အတွက် message ပေးပို့သူများမှာ မည်သည့် နှုန်းထားမှ ပေးစရာမလိုပဲ အခမဲ့ဖြစ်နေခြင်းပဲ ဖြစ်ပါတယ်။

ယခင်အချိန်များတွင် ပြည်တွင်း ကော်နက်ရှင် အခက်အခဲများကြောင့် messaging software များကို အသုံးပြုနိုင်ခြင်း ခက်ခဲခဲ့ရာမှ ယခု အခါတွင် အသုံးပြုလာနိုင်ခြင်း ဖြစ်ပါတယ်။

## iOS ပေါ်တွင် Rockband ကို ဆက်လက် ကစားနိုင်ပြီ

By YHT

ယခင်တစ်ပတ်အတွင်း iOS device များပေါ်တွင် ဖြစ်ပေါ်ခဲ့သော နာမည်ကျော် Rockband ဂိမ်းကစားမရမှု ပြဿနာကို ထုတ်လုပ်သူဖြစ်သော EA Games မှ ပြန်လည်ဖြေရှင်းလိုက်ပြီ ဖြစ်ကြောင်း သိရပါတယ်။

EA မှ ၂၀၀၉ ခုနှစ်အတွင်း iOS ပေါ်တွင် စတင် ထုတ်လုပ်ခဲ့သော Rockband မှာ နာမည်ကြီး ဂိမ်းတစ်ခုအဖြစ်ရှိနေရာမှ ရုတ်တရက် မေလ ၃၁ ရက်နေ့နောက်ပိုင်း ပိတ်သိမ်းသွားတော့မည်ဟု သတိပေးစာတန်း ပေါ်ပေါက်ခဲ့သည့်အတွက် အသုံးပြုသူများမှာ အံ့အားသင့်သွားခဲ့ကြပါတယ်။


ယခုအချိန်တွင်တော့ EA မှ Rockband အား မေ ၃၁ နောက်ပိုင်းတွင် ပြန်လည်ကစားသွားနိုင် မည်ဟုကြော်ငြာခဲ့ပြီး နည်းပညာရှင်များမှာတော့ ယခုဖြစ်ရပ်တွင် Apple ၏ apps များအတွက် အာမခံပေးထားမှုကို မေးခွန်းထုတ်လျှက် ရှိနေကြပြီး EA Games ၏ ယခုကဲ့သို့ နည်းပညာ အခက်အခဲအတွက် ပြန်လည်ဖြေရှင်းမှုမျိုးကို အလိုရှိနေကြကြောင်း သိရပါတယ်။

Ref: TUAW




## ပြည်တွင်း၌ iPhone 4 များကို Unlock ပြုလုပ်နိုင်ပြီ

By YHT



ယခင်အချိန်များတွင်iPhone 4G နှင့် 4S များကို Unlock ပြုလုပ်ရာတွင် အခက်အခဲများ ရှိခဲ့ရာမှ ယခုအခါတွင် တရားဝင် Unlock ကဲ့သို့ ရရှိရန် ပြုလုပ်နိုင်မည် ဖြစ်ကြောင်း သိရပါတယ်။

ထိုကဲ့သို့ပြုလုပ်ရာတွင် iOS 5.0 ရှိသော iPhone 4G နှင့် 4S များကို Unlock ပြုလုပ်နိုင်မည် ဖြစ်ကာ မိမိ၏ iPhone မှာ Jailbreak ပြုလုပ်ထားရမည် ဖြစ်ကြောင်း အဆိုပါ ဝန်ဆောင်မှုကို ပြုလုပ်ပေးလျက် ရှိသော U-Store ၏ တာဝန်ရှိသူ တစ်ဦးဖြစ်သော ကိုနေသူအောင်မှ ပြောကြားသွားပါတယ်။ ၄င်းမှနေ၍ iPhone 4G တွင် iOS 5.0 နှင့် iOS 5.0.1 တင်ထားပါက Official Unlock ပြုလုပ်နိုင် မည်ဖြစ်ကြောင်း၊ iPhone 4S တွင်တော့ iOS 5.0 ၌သာ ရရှိဦးမည်ဖြစ်ကြောင်း ရှင်းပြသွားပါတယ်။

အဆိုပါ ဝန်ဆောင်မှုအား ပြုလုပ်ချင်ပါက ကိုနေသူအောင် (U-Store) ဖုန်း ၀၉ ၅၁၀၂ ၀၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ဝန်ဆောင်ခ အနေဖြင့် ကျပ် ၅ သောင်းကျသင့်မည် ဖြစ်ကြောင်း သိရပါတယ်။

## ဖုန်းမေ့ကျန်ခဲ့သူများတွင် Apple ၏ Find My iPhone

By YHT

ယနေ့အချိန်အခါ ဖုန်းကိုင်ဆောင်မှုများပြား လာသည်နှင့်အမျှ ဖုန်းမေ့ကျန်မှုများလည်း ဖြစ်ပေါ်လာရာ မိမိ၏ ဖုန်းကို ပြန်လည် ရှာဖွေသည့် နေရာတွင် အခက်အခဲများရှိလာ ပါတယ်။

အထူးသဖြင့် iPhone ကဲ့သို့ တန်ဖိုးမြင့်ဖုန်းများ မေ့ကျန်ခဲ့ပြီဆိုပါက မိမိအနေဖြင့် ပြန်လည်ရရှိရန် မလွယ်တော့ပဲ ဖုန်းနည်းမျိုးစုံဖြင့်ကြိုးပမ်း ရပါတော့တယ်။

အခု မိတ်ဆက်ပေးချင်တာ ကတော့ Apple မှ ထုတ်လုပ်ခဲ့ခြင်း ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပြည်တွင်း၌အသုံးပြုမှုမရှိခဲ့သည့် Find My iPhone ဟူသော application ပဲဖြစ်ပါတယ်။အဆိုပါ application ဟာ ယခင် အချိန် များတွင် ပြည်တွင်း၌ အသုံး မပြုနိုင်ခဲ့ သော်လည်း ယနေ့အချိန် အခါတွင်တော့ ၄င်း၏ Feature အစုံကို သုံးစွဲ နိုင်ပြီ ဖြစ်တဲ့ အတွက် မိမိရဲ့ iPhone မေ့ကျန်ခဲ့ပြီဆိုလျှင်တောင် ပြန်လည် ရရှိဖို့ဟာ အတော်လေး သေချာနေပြီလို့ ဆိုနိုင်ပါတယ်။ အကြောင်းအအရင်းကတော့ အဆိုပါ application မှတဆင့် ပျောက်ဆုံး၊ မေ့ကျန်ခဲ့သော မိမိ၏ ဖုန်းအား sms ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ မည်သည့် နေရာသို့ ပြန်လည် ပေးပို့စေလိုကြောင်း အကြောင်း ကြားနိုင်မှာ ဖြစ်ပါတယ်။

ထို့ပြင် မိမိ၏ iPhone Screen အား Lock လုပ်မိပါကလည်း Find My iPhone တွင် တစ်ပါတည်း ပါဝင်လာမည့် map တွင် iPhone ၏ တည်နေရာအား ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ဖုန်းအား Lock မလုပ်ထားမိပါကလည်း အဝေးမှ Passcode ခံသွားနိုင်ပြီး ဖုန်းထဲရှိ Data များကိုလည်း ပယ်ဖျက်သွားနိုင်သည့် feature ပါဝင်ကြောင်း သိရပါတယ်။

အဆိုပါ Feature များကို အသုံးပြုရန်အတွက် ဦးစွာအနေနှင့်တော့ iCloud.com တွင် sign in ဝင်ရောက်ထားရန်လိုအပ်ပါတယ်။

Ref: Apple

## Apple Price List

| | | |
|---|---|---|
| **iPhone** | | |
| iPhone 4S | 16GB | K 599,000 |
| iPhone 4S | 32GB | K 760,000 |
| **iPod** | | |
| iPod touch | 8GB | K 191,000 |
| iPod shuffle | 2GB | K 49,000 |
| **New iPad** | | |
| New iPad wifi Only | 16GB | K 398,000 |
| New iPad wifi Only | 32GB | K 579,000 |
| New iPad wifi Only | 64GB | K 686,000 |
| **iPad 2** | | |
| iPad 2 | wi fi (16 GB) | K 610,000 |
| iPad 2 | wi fi (32 GB) | K 690,000 |
| Mac Book Pro | 13″ | K 1,060,000 |
| Mac Book Air | 11″ | K 866,000 |
| iMac (All in One PC) | 21″ | K 1,115,000 |

အထက်ပါ ဈေးနှုန်းများကို Technoland (09 73145 164) နှင့် I.C.E (Ph: 01 215 353) မှ ပံ့ပိုးပေးထားခြင်း ဖြစ်ပါသည်။

infinity STORE

• Application and Game Service
• Unlocking
• Jailbreaking
• Unlock jailbroken device iPhone 4 (5.1), iPhone 4s (5.0.1) no gevey needed.

New iPad WiFi 16GB – K490,000
WiFi 32G – K590,000
WiFi 64G – K690,000
New iPad 4G WiFi 16GB – K610,000
4G Wi Fi 32G – K710,000
4G Wi Fi 64GB – K810,000
I Phone 4S 16G – K575,000
I Pod touch 8G – K190,000
Application and Game – 50% Discount




No. 176 (First Floor), Wardan Street, Lamadaw Township Yangon. Ph: 09 5505811
Open Hour: 9:00 AM to 5:00 PM

# Toyota Prius 2009 (Hybrid)

Toyota ကားကုမ္ပဏီရဲ့ ပထမဦးဆုံး ထုတ်လုပ်လိုက်တဲ့ Hybrid ကားဖြစ်ပါတယ်။ Prius Hybrid ကားကို ၂၀၀၅ ခုနှစ်ထုတ် Honda Insight Hybrid နှင့်အပြိုင် ထုတ်လုပ်ဖို့ စီစဉ်ထားတဲ့ ကားဖြစ်သော်လည်း အကောင်းဆုံး ဖြစ်အောင်ထုတ်လုပ်ဖို့အတွက် လေးနှစ်အချိန်ယူပြီးမှ ထုတ်လုပ်ခဲ့တဲ့ ကားလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ စစ ထုတ်ခြင်းပင် Honda Insight နှင့်တူသည်ဟု ဝေဖန်မှုကို ခံရပြီး ထွက်ရှိလာတဲ့ ကားဖြစ်ပါတယ်။ Prius 2009 ဟာ ဝေဖန်သံတွေကြားကနေပြီးမှ စတင်ထိုးဖောက်နိုင်ခဲ့တာကတော့ ထုတ်လုပ်ပြီး နှစ်လအကြာမှာ ဖြစ်ပါတယ်။ ကားအမျိုးအစားကတော့ ဇိမ်ခံကား အမျိုးအစားဖြစ်ပြီး ကားမောင်းရပေါ့ပါးကာ ဆီစားသက်သာမှုကလည်း Prius 2009 ကို အောင်မြင်စေခဲ့ပါတယ်။ ကားတွင်ပါဝင်တဲ့ Hybrid နည်းပညာဟာ ဘယ် Hybrid ကားတွေနှင့်မှမတူပဲ 1.3 CC အင်ဂျင်နှင့် လျှပ်စစ်စွမ်းအားကို ပေါင်းစပ်ထားတာကြောင့် Hybrid ကားတွေထဲမှာ အခုလက်ရှိ အကောင်းဆုံး ကားဖြစ်သည်။

ယခုအချိန်တွင် ပြည်တွင်းကို Toyota Prius 2009 (Hybrid) ကားများ ဝင်ရောက်လာပြီဖြစ်ပြီး အကြိုက်တွေ့ ရောင်းကောင်းနေတာကို တွေ့ရှိရပါတယ်။ Toyota Prius 2009 ဝယ်ယူရခြင်းကို ကားဝယ်ရောင်း ပြုလုပ်သူတစ်ဦးမှနေ၍

" ပြည်တွင်းမှာကတော့ ဆီစားသက်သာပြီး ဒီဇိုင်းလန်းတဲ့ ကားတွေဆို ရောင်းကောင်းတာပဲ၊ အထူးသဖြင့် Hybrid ကားတွေပေါ့၊ အခုဆိုရင် Toyota Prius 2009 ကတော့တော်တော်ကိုအရောင်းအဝယ် သွက်နေတယ်၊ ဘာလို့လည်းဆိုတော့ ဆီစားသက်သာတယ်၊ ပြီးတော့ ကားမောင်းရင် ပေါ့ပါးတာကတော့ ဘယ် Hybrid ကားတွေမှ မမှီတဲ့ အချက်ဟာ ပြည်တွင်းက လူတွေကို အဓိက ဖမ်းစားထားတာပဲ ဖြစ်တယ်" ဟုပြောကြားသွားခဲ့ပါတယ်။

Toyota Prius 2009 (Hybrid) ရဲ့ ထူးခြားချက်ကိုလဲ ကား အရောင်းပြခန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးမှနေ၍

"Hybrid ကားတွေမှာ အင်ဂျင်ပါဝါ အနိမ့်ဆုံး 2.0 CC အသုံးပြုနေကြပြီး Toyota Prius 2009 ကတော့ 1.3 CC အသုံးပြုထားတာကြောင့် ပိုမို ဆီစားသက်သာစေနိုင်ပါတယ်၊ ထို့အပြင် အထူးပြောစရာရှိတာကတော့ 48MPG တစ်ဂါလံကို ၄၈ မိုင် မောင်းနိုင်ခြင်းပဲ ဖြစ်တယ်၊ အဲ့ဒီအချက်ကြောင့် လူအများ ဝယ်ယူနေတာ" ဟုပြောကြားသွားခဲ့ပါတယ်။

Toyota Prius 2009 (Hybrid) ကို ပြည်တွင်းရှိ ကား အရောင်းပြခန်းများတွင် စုံစမ်းဝယ်ယူနိုင်ပါတယ်။



## ရောင်းအားကောင်းလာသော ကားများ

### Caldina ZT 2003

- » ကားအမျိုးအစား Full Time 4WD
- » အင်ဂျင်အမျိုးအစား 2.0CC
- » Gear အမျိုးအစား auto
- » Manual/ Auto Type auto
- » လူဝင်ဆံ့မှု ၅ယောက်
- » ဆီဝင်ဆံ့မှု ၆၀ လီတာ



### Honda Fit 2009

- » ကားအမျိုးအစား Saloon
- » အင်ဂျင်အမျိုးအစား 1.3CC
- » Gear အမျိုးအစား Manual
- » Manual/ Auto Auto
- » လူဝင်ဆံ့မှု ၅ယောက်
- » ဆီဝင်ဆံ့မှု ၆၀ လီတာ



### Toyota Premio 2002

- » ကားအမျိုးအစား ဇိမ်ခံကား
- » အင်ဂျင်အမျိုးအစား 1.5CC
- » Gear အမျိုးအစား Auto
- » Manual/ Auto type Auto
- » လူဝင်ဆံ့မှု ၆ယောက်
- » ဆီဝင်ဆံ့မှု ၄၅လီတာ



### Toyota Fielder (2002)

- » ကားအမျိုးအစား Wagon
- » အင်ဂျင်အမျိုးအစား 1.8CC
- » Gear အမျိုးအစား auto
- » Manual/ Auto type Auto
- » လူဝင်ဆံ့မှု ၇ယောက်
- » ဆီဝင်ဆံ့မှု ၄၅လီတာ



### Toyota Probox 2007

- » ကားအမျိုးအစား 4WD
- » အင်ဂျင်အမျိုးအစား 1.3CC
- » Gear အမျိုးအစား Auto
- » Manual/ Auto type Auto
- » လူဝင်ဆံ့မှု ၅ယောက်
- » ဆီဝင်ဆံ့မှု ၈၀လီတာ



### Toyota Alphard 350g

- » ကားအမျိုးအစား multi-purpose vehicle
- » အင်ဂျင်အမျိုးအစား 4.0CC
- » Gear အမျိုးအစား Auto
- » Manual/ Auto Type Auto
- » လူဝင်ဆံ့မှု ၁၀ယောက်
- » ဆီဝင်ဆံ့မှု ၆၅ လီတာ



### Mitsubishi Colt 2007

- » ကားအမျိုးအစား 4WD
- » အင်ဂျင်အမျိုးအစား 1.5CC
- » Gear အမျိုးအစား Auto
- » Manual/ Auto Type Auto
- » လူဝင်ဆံ့မှု ၆ယောက်
- » ဆီဝင်ဆံ့မှု ၄၅လီတာ



### Honda Insight 2009

- » ကားအမျိုးအစား 4WD
- » အင်ဂျင်အမျိုးအစား 2.0CC
- » Gear အမျိုးအစား auto
- » Manual/ Auto Type Auto
- » လူဝင်ဆံ့မှု ၅ယောက်
- » ဆီဝင်ဆံ့မှု ၆၀ လီတာ



အထက် ဖော်ပြပါ ကားများကို SCE Car Sales Center ဖုန်း ၀၁-၂၅၅-၆၂၂ တွင် ဝယ်ယူရရှိနိုင်ပါတယ်။



## မော်တော်ယာဉ် မှတ်ပုံတင် အမှတ်များကြိုတင်လျှောက်ထားနိုင်

By APA

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ မှတ်ပုံတင်အမှတ်များ သတ်မှတ်ပေးရာတွင် ယာဉ်အမှတ်များအား ( ၁၀၀၁)မှ စတင်သတ်မှတ်ပေးထားမှာဖြစ်ပြီး ပေါင်းခြင်း (၁၀) နှင့် (၁၃) အားချန်လှပ်ထားမည်ဟု သိရှိရပါတယ်။ ထို့အပြင် စိတ်ကြိုက်ယာဉ်အမှတ်ရွေးချယ်လိုပါက နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိနံပါတ်မှ ၁၀၀၀ အတွင်းကို ၅သိန်း၊ ၂၀၀၀အတွင်း ၆သိန်း၊ ၃၀၀၀ အတွင်း ၇သိန်း၊ ၄၀၀၀ အတွင်း ၈သိန်း၊ ၅၀၀၀ အတွင်း၉သိန်း၊ ၆၀၀၀ အတွင်း၁၀သိန်း၊ ၇၀၀၀ အတွင်း ၁၁သိန်း၊ ၈၀၀၀ အတွင်း၁၂သိန်း၊ ၉၀၀၀အတွင်းကို ၁၃သိန်း ဟူ၍အသီးသီးပေးသွင်းရမှာဟုသိရှိရပါတယ်။

ရောက်ရှိနံပါတ်တွင်ပေါင်းခြင်းနံပါတ် ၉ ကိုရယူလိုပါက ငွေကျပ် ၅ သိန်း ကို နိုင်ငံတော်ဘဏ္ဍာသို့ ငွေပေးခြေရမှာဖြစ်ပြီး ရောက်ရှိနံပါတ်တွင် ပေါင်းခြင်းနံပါတ် ၉ ရရှိသော်လည်း ၅ သိန်းပေး၍ ရယူထားခြင်းမရှိပါက အခြားယာဉ်များကဲ့သို့ ဆက်လက်ထုတ်ပေးသွားမည်ဟုသိရှိရသည်။ သတ်မှတ်ပေးခြင်းမရှိသော ပေါင်းခြင်းနံပါတ် ၁၀ နှင့် ၁၃ ရယူလိုပါက ကျော်လွန်သွားသော အမှတ်ဖြစ်လျှင် သတ်မှတ်ခွင့်ပြုမည်ဖြစ်ပြီး ကြိုတင်တောင်းဆိုထားသော အမှတ်ဖြစ်လျှင်လည်း အထက်ပါနှုန်းအတိုင်း ပေးသွင်း ရမည်ဟုသိရှိရပါတယ်။

ယာဉ်အမှတ်ရွေးချယ်ခွင့်အား လူတစ်ဦးတစ်ယောက်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုသည် မော်တော်ယဉ်သွင်းကုန်လိုင်စင် မိတ္တူပူးတွဲ၍ မှတ်ပုံတင်(သို့)စီစစ်ရေးကတ် မိတ္တူဖြင့် ယာဉ်တစ်စီးအတွက်လျှောက်လွှာတစ်စောင်သာ လျှောက်ထားရမည်ဟုသိရှိရပါတယ်။

ကိုးကား : သတင်းစဉ်

## ဖုန်ထုတ် Light Truck ကားများထက် ဂျပန် Light Truck များ ရောင်းကောင်း

By APA

စက်မှုဖုန်ထုတ် Light Truck ကားတွေဟာအခုချိန်မှာ Japan Ligjt တွေရဲ့ရောင်းအားကို လိုက်မမှီဖြစ်နေတယ်ဟု ကားပွဲစားတန်းမှသိရှိရပါတယ်။

" အခုလတ်တလော ရန်ကုန်ကလူတွေရော၊ နယ်ကလူတွေပါ Light truck တွေကိုအဝယ်လိုက်နေတယ် ဒါပေမဲ့ ဖုန်ထုတ်တွေဝယ်တာနည်းတယ် ဂျပန်ကဝယ်လာတဲ့ Light truck တွေပဲဝယ်တာများလာကြတယ်၊ ဘာလို့လဲဆိုတော့ ဂျပန်ကားက ဖုန်ထုတ်တွေထက်မှာ တယ်လေ အဲ့ဒါကြောင့် လုပ်ငန်းသုံးဖို့အများဆုံးသယ်ကြတယ်" ဟုဂါရင့်ကားပွဲစားတစ်ဦးကပြောကြားခဲ့ပါတယ်။

နယ်မှစီးပွားရေးလုပ်ငန်းရှင်တစ်ဦး မှလည်း

" Japan ကလာတဲ့ Light Truck ကမာတယ်၊ နယ်မှာဆိုကုန်တင်ကုန်ချလုပ်ရတယ်၊ ပြီးတော့ကုန်တင်ပြီး တစ်ချိုလမ်းကြမ်းတဲ့နေရာတွေသွာရတဲ့ အခါမျိုးတွေမှာ ဖုန်ထုတ်ထက် Japan Light truck တွေကပိုအကျမ်းခံတယ်၊ အဲ့ဒါမှ ကျွန်တော်တို့အတွက်အစဉ်ပြေမှာ၊ အခုလက်ရှိလာဝယ်တာက ၂၀၀၇ Model ကိုပါ" ဟုပြောကြားခဲ့ပါတယ်။

ရန်ကုန်ရှိ သိမ်ကြီးဈေးမှာ ကားမောင်းသူတစ်ဦးမှလည်း" အရင်က ဖုန်ထုတ် Light truck တွေပဲမောင်းကြတယ် အခုကြတော့ Japan ကနေ ၂၀၀၇ model နှင့် Light Truck တွေဝင်လာတော့ ဖုန်ထုတ်တွေကို မကြိုက်ကြတော့ပဲ Japan Light truck တွေကိုသာမောင်းနှင်ကြတာ၊ ဘာလို့လဲဆိုတော့ အဓိက ကအကြမ်းခံတာပဲ၊ ကျွန်တော်တို့ဆို အခု Japan Light truck အသုံးပြုရတာအရင်ကဖုန်ကားထက် အများကြီးအစဉ်ပြေလာတယ်၊ ကုန်တွေတင်ပြီး သွားရင် လမ်းကြမ်းတွေဆိုအရမ်းသိသာတာ Japan Light truck တွေကတော့ အဲ့ဒီလိုမဟုတ်ဘူး" ဟုပြောကြားခဲ့ပါတယ်



## ကိုရီးယားနိုင်ငံထုတ် ကားများ ဝယ်ယူတင်သွင်းလိုသူများ အတွက် ကားကုမ္ပဏီတစ်ခုမှ ဝန်ဆောင်မှု စတင်

By APA

ကိုရီးယားနိုင်ငံထုတ်ကားများ ဝယ်ယူ တင်သွင်းလို သူများအတွက် ကားကုမ္ပဏီတစ်ခုက ဝန်ဆောင်မှု ပေးလျက် ရှိကြောင်း သိရှိရသည်။ ကိုရီးယားကားများ တင်သွင်းပေးလျက် ရှိသော ကုမ္ပဏီမှာ City of Nature Co.Ltd ဟုသိရှိရပြီး ကိုရီးယားက ကြိုက်တဲ့ကား တွေကိုလည်း မှာလို့ရတယ်လို့ သိရှိရပါတယ်။

City of Nature Co.Ltd မှ စလစ်ရှိတာရော စလစ်မရှိပဲနဲ့ရော ကားတွေကို ရောင်းချပေးပြီး ကိုရီးယားကို လှမ်းမှာရင်လည်း စလစ်မပါဘဲ သီးသန့်ဝယ်ပြီး တင်သွင်းပေးတယ် ဟု သိရှိရပါတယ်။ City of Nature Co.Ltd ကုမ္ပဏီသည် ရန်ကုန်မြို့ရှိ MCC နှင့် အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်သည့် ကားပြပွဲများ၌ ကိုရီးယားကားများကို ဦးစားပေးပြသခဲ့ကြောင်း၊ကိုရီးယားကားကို အဓိကထား တင်သွင်းရခြင်းမှာ ဂျပန်ကားများထက်ဈေးနှုန်းသက်သာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ကိုရီးယားကားတင်သွင်းရာမှာ ဂျပန်ကားထက်တော့ အချိန်ပိုကြာတယ်ဟုသိရှိရပါတယ်။ tဘာဖြစ်လို့လဲဆိုတော့ ဂျပန်ကားကို ကုန်သွယ်ရေးက CIF ဈေးသတ်မှတ်ပေးပြီးသား၊ ကိုရီးယား ကားကတော့ CIF ဈေး မသတ်မှတ်ရသေးတော့ အချိန် နည်းနည်း ကြန့်ကြာတာဟု သိရှိဂ့ပါတယ်။ ကိုရီးယားကားများ တင်သွင်းပေးရာ၌ သဘော်သားပါမစ်၊ Show Job ပါမစ်များအတွက်လည်း ကားတင်သွင်း ပေးလျက်ရှိပြီး ဆိပ်ကမ်းအရောက် သို့မဟုတ် မိမိစိတ်ကြိုက် ဝန်ဆောင်မှုကို လုပ်ဆောင်ပေးလျက် ရှိကြောင်း သိရသည်။



## ချယ်ရီဝက်ဂွန်ကားများ ဈေးမြင့်တက်လာ

By APA



တရုတ်နိုင်ငံထုတ် ချယ်ရီဝက်ဂွန် ကားများ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လနောက်ဆုံးပတ်က အစီးရေ ၈၀၀ ရောက်လာပြီး ပဲခူးတိုင်းဒေသကြီးသို့ အစီးရေ ၁၀၀၊ မွန်ပြည်နယ်သို့ အစီးရေ ၁၀၀၊ မန္တလေးတိုင်း ဒေသကြီးအတွင်းသို့ အစီးရေ ၂၀၀ နှင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းသို့ အစီးရေ ၂၀၀ အသီးသီး ချထားပေးခဲ့ပြီး ကျန်အစီးရေ ၂၀၀ က နိုင်ငံတော်က စက်မှုလုပ်ငန်းများအား ထားပေးမည်ဟူ၍ သတင်းထွက်ပေါ်လာခဲ့သော်လည်း ယခုအခါ မန္တလေး၊ မော်လမြိုင်နှင့် မုံရွာသို့ချထားပေးကြောင်း သိရသည်။

မတ်လက နောက်ဆုံးဝင်လာတဲ့ ချယ်ရီဝက်ဂွန်းကားအစီးရေ ၂၀၀ ဟာ ရန်ကုန်မြို့မှာ ချထားမပေးဘဲ နယ်မြေတွေမှာ ချထားပေးလို့ ရန်ကုန်မြို့တွင် ကားဈေးကွက်မှာ ချယ်ရီဝက်ဂွန်းကားတွေဟာ ဈေးနှုန်းမြင့်တက်လာတယ် ဟုသိရှိရပြီး ယခင်က ချယ်ရီဂက်ဂွန်းကားများမှာ တန်ဖိုးငွေ ကျပ်သိန်း ၁၂၀ အထိရှိခဲ့ပြီး ယခုလ ဧပြီတွင် ငွေကျပ်သိန်း ၁၆၀ အထိ မြင့်တက်လာကြောင်း၊ ယခင်ကားများ၏ ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ ဝယ်လိုအားများလည်း မြင့်တက်နေသည်ဟု သိရသည်။

ယာဉ်ပိုင်ရှင်တွေဟာအပ်နံကားတွေရဲ့ စလစ်ကို ရောင်းချပြီးတော့ သူတို့ရရှိတဲ့ ပမာဏနဲ့ ကိုက်ညီတဲ့ ချယ်ရီဝက်ဂွန်း ကားတွေကို ပြန်လည် ဝယ်ယူနေတာကိုတွေ့ရှိရပြီးငွေကြေးအနည်းငယ်နဲ့ စီးပွားရေး လုပ်လိုသူတွေဟာလည်း ချယ်ရီဝက်ဂွန်း ကားတွေကို ဝယ်ယူပြီးတော့ အငှားယာဉ်တွေ လုပ်ကိုင်လာကြတာကို တွေ့ရှိရပါတယ်။

ကိုးကား : EMG

## ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၈၊ ၁၉ တွင် ပြုလုပ်မည့် Frankfurt Auto Show

By APA

Beijing Auto show အပြီးမှာ နောက်ထက် Auto Show တစ်ခုကိုလည်း ဂျာမနီနိုင်ငံ ရှိ Frankfurt မြို့တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၈ မှ ၁၉ အထိပြုလုပ်မည် ဟု သိရှိရပါတယ်။ အဆိုပါပွဲတွင် နာမည်ကြီးကားကုမ္ပဏီ အများစု ပါဝင်ပြသကြမှာဖြစ်ပြီး Enterniti, Volkswagen, Honda, Mercedes တို့မှ ပြသမည့်ကားတွေကိုထုန်ပြန်ခဲ့ပါတယ်။

ကုမ္ပဏီများ၏ ကြော်ငြာချက်များအရ Enterniti ကားကုမ္ပဏီမှ ကောင်းမွန်လှပသော ဒီဇိုင်းနှင့် အမာကျောဆုံး SUV ကားအမျိုးအစားကိုပြသမည်ဟုသိရှိရပြီး ကားရဲ့အတွင်းပိုင်း နှင့် စက်ပိုင်းဆိုင်ရာကိုတော့ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။

Volkswagen Buggy 2013 ကိုတော့ အတိအကျတော့ မထုတ်ပြန်ထားပေမဲ့ ကားအမျိုးစားက Wagon အမျိုးအစား ဖြစ်ပြီး ကားရဲ့အင်ဂျင်ပိုင်းနှင့် ပတ်သက် ၍ Volkswagen ကားပရိသတ် တွေအတွက် အံ့အားသင့်စရာ အကောင်းဆုံး ဖြစ်အောင် ပြုလုပ်ထားကြောင်း သိရပါတယ်။

အခြား နာမည်ကျော် ကားကုမ္ပဏီ များအနေနဲ့ကတော့ Honda EV 2013 ဖြစ်ပြီး Google နှင့် Cambridge university တို့မှ ကားမထုတ်လုပ်ခင်ကတည်းက မှာယူထားတဲ့ ကားကို ယခုတော့ ထုတ်ဖော်ပြသမယ်လို့ သိရပါတယ်။ အဆိုပါကားကို ကုမ္ပဏီမှ ၂၀၁၂ ခုနှစ်အစပိုင်းတွင် ရောင်းချမည်ဟုထုတ်ပြန်ခဲ့သော်လည်း ယခု Frankfurt Auto Show တွင် စတင်ရောင်းချမည့် Electronic Vehicle ကားအမျိုးအစားထဲမှာ တစ်မျိုးအပါအဝင်ဖြစ်လာမှာ ဖြစ်ပါတယ်

Frankfurt Auto Show အတွက် ထူးထူးခြားခြား သတင်းထွက်နေတဲ့ ကားကတော့ Porsche 911 ဖြစ်ပါတယ်။Porsche 911 ဟာ ၂၀၁၄ မှသာ တရားဝင် ထုတ်လုပ်ရောင်းချမယ်လို့ ကြေငြာထားတဲ့ကား ဖြစ်ပြီး မြင့်မားသော နည်းပညာများနှင့် ဆန်းသစ်သော ဒီဇိုင်းတို့ကြောင့် လူအများမှ စိတ်ဝင်တစား စောင့်ကြည့်နေကြရပါတယ်။



# ABC

# Agga Co.,Ltd အား စတင်တည်ထောင်သူ ကိုအောင်မျိုးလွင်နှင့် သူ၏အလုပ်ခွင်

## Profile



ကျွန်တော့်နာမည် ဦးအောင်မျိုးလွင်ပါ။ IT လောကမှာတော့ Ko Agga လို့သိကြတာများပါတယ်။ အမှန်တကယ်တော့ Agga ဆိုတာကုမ္ပဏီနာမည်ပါ။ နောက်ပိုင်း သူငယ်ချင်းတွေက Agga လို့ခေါ်ရင်းနဲ့ Ko Agga ဆိုတဲ့နာမည်တွင်ခဲ့တာပါ။ ကျွန်တော် 1991 ခုနှစ် KMD မှာ Computer Basic သင်တန်းစတက်ခဲ့ပြီးတော့ 1991/92 မှာ ကျွန်တော်ကွန်ပျူတာ သင်တန်းမျိုးစုံတက်ပါတယ်။ ပထမဆုံးအလုပ်လုပ်တာကတော့ Pravity Computer မှာ စလုပ်ခဲ့တာပါ။ 1994 မှာတော့ String Computer Technology ကို ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ စတင်ထူထောင်ခဲ့ပါတယ်။ 2000 ခုနှစ်နောက်ပိုင်းမှာ နည်းပညာလောကထဲ ပြန်လည်ဝင်ရောက်လာကာ e-application တွေ e-information နဲ့ဆိုင်တဲ့ website တွေစရေးပါတယ်။

## Agga Co.,Ltd

2001 ခုနှစ်တွင် Ahlone Business Center (ABC ) ကိုစတင်ထူတောင်ခဲ့ကာ 2006 ခုနှစ်တွင် ဆိပ်ကမ်းသာ ABC ဆိုင်အား ဖွင့်လှစ်နိုင်ပြီး 2012 ခုနှစ်တွင် မြေနီကုန်း ABC ဆိုင်အားဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ABC Computer Center တွင် Computer Sales & Service, Trading Course နှင့် Web Services သုံးမျိုးခွဲခြားထားကာ ယခုအခါ Mobile Sale ဟူ၍ လေးမျိုးခွဲခြားထားပါတယ်။ Computer Sales & Service တွင် Computer Sales, Computer Services, Printer Services, Network Services နှင့် Software & Installation Services များရရှိနိုင်မည်ဖြစ်ပြီး Training Course တွင် A+ Course, Web Essential, Joomla (CMS), Computer Basic, နှင့် Photoshop Using (CS3, CS4, CS5) များရရှိနိုင်မည်ဖြစ်ကာ Web Services တွင် Web Hosting, Web Development နှင့် Domain name registration စသော Service များ ရရှိနိုင်မည်ဖြစ်ပါတယ်။ ABC မှ Always Be Creative ဆိုတဲ့ ရည်ရွယ်ချက်ကို ထားပါတယ်။

## HR

နေ့စဉ်အလုပ်ချိန်အဝင်အထွက် မှတ်တမ်းများကို Munual ပဲသုံးပြီး Time Card တွေကိုမသုံးပါဘူး။ Munual ကတော့ ကျွန်တော်တို့ထုံးစံအတိုင်း ရုံးအဝင်အထွက် လက်မှတ်ထိုးပေါ့။

## Productivity

Department တိုင်းတွင် computing လုပ်ဆောင်ရန် လိုအပ်သူတိုင်းအား brand အစုံမှ Desktop များ၊ Notebook များနှင့် Display များကိုအသုံးပြုပါတယ်။

## Communication

Communication ကတော့ကျွန်တော်တို့ ရိုးရိုးဖုန်းနဲ့ GSM သုံးပါတယ်။ လိုင်းဖုန်းကို Wireless နဲ့သုံးတာလည်းရှိပါတယ်။ ကျွန်တော်တို့ဆိုင်ကလည်း 3 ဆိုင်လောက်ပဲရှိတော့ လိုင်းခွဲတွေမသုံးပါဘူး။

## Security

ဆိုင်တွင်းတွင် CCTV ကင်မရာများအပြည့်တပ်ဆင်ထားပါတယ်။ ဘာလို့လဲဆိုတော့ Customer တွေ နဲ့ ဝန်ထမ်းတွေကို စောင့်ကြည့်ရအဆင်ပြေပါတယ်။ နေ့စဉ်အသုံးပြုထားတာ Record တွေသိမ်းထားပါတယ်။

## Backup

Backup အနေနဲ့ကတော့ ကျွန်တော်တို့ External HDD တွေမှာ Backup လုပ်ပါတယ်။ ဝန်ထမ်းတွေဆီမှာ Backup တစ်ခုရှိပြီး Admin ဆီမှာ Backup တစ်ခုရှိကာ၊ အလုံ ABC မှာ Backup တစ်ခုရှိပါတယ်။ ဒါတွေကိုမကြာမကြာ မျှအောင်လုပ်ပေးတာပေါ့။ ကျွန်တော်နဲ့ပတ်သတ်တဲ့ Data တွေအားလုံးကိုတော့ တစ်နှစ်ကိုတစ်ခေါက် New year ရက်တွေမှာလုပ်ပါတယ်။ New year ရက်တွေမှာကျွန်တော် သိပ်ပြီးတော့ အပြင်ထွက်လေ့ထွက်ထမရှိပါဘူး။ အဲ့တစ်ညလုံး အလုပ်က Data တွေကို Backup လုပ်ပါတယ်။ တစ်နှစ်တာ Data တွေကို Hard copy အနေနဲ့အကုန်ဆွဲ ထုတ်လိုက်ပါတယ်။ ပြီးရင် DVD နဲ့ Burn ထားကာတစ်နှစ်ကိုတစ်ခေါက် Renew ပြန်လုပ်ပါတယ်။

## Accounting

Accounting နဲ့ Admin အတွက် တခြားသော Software များအစား အခြေခံကျတဲ့ Microsoft Excel ကိုFunction တွေနဲ့သုံးပါတယ်။ Excel ကမိမိ လိုသလို မိမိ Idea ရှိသလို ခွဲခြမ်းပြီးလုပ်သွားလို့ရတဲ့အတွက် ဒီ Excel နဲ့ stabilize ဖြစ်ပါတယ်။တခြား Software တွေလည်းသုံးတာလည်းကောင်းနိုင်ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီက ထုတ်လိုက်တဲ့ Software တွေက Own မဖြစ်ဘူးပေါ့၊ နောက်တစ်ခုက ဝန်ထမ်းတွေပြောင်းသွားရင် Control လုပ်ရတာ အရမ်းခက်တယ်။ Excel ကတော့ တကယ့် Basic ပေါ့။ ကျွန်တော်တို့က Function တွေထည့်သုံးထားတာဆိုတော့ ခု Excel နဲ့သုံးရတာနှစ်သက်ပါတယ်။ အခုနောက်ပိုင်းက ကျွန်တော်တို့သီးခြား Google မှာပါ အကောင့်ဖွင့်ထားပြီး Excel နဲ့ရေးထားတဲ့ဖိုင်တွေကို Online ပေါ်မှာ File Share လုပ်ပါတယ်။ Online ပေါ် Share လုပ်လိုက်တော့ ကျွန်တော် ဘယ်နေရာပဲရောက်ရောက် ကြည့်နိုင်မှာဖြစ်ပါတယ်။

## Personal

Personal ကတော့ ကျွန်တော် Acer Laptop သုံးပါတယ်။ ရုံးသုံးအနေနဲ့တော့ Gigabyte Desktop ကိုအသုံးပြုပါတယ်။

Perfect
Life Time Service WARRANTY

Yangon ICT Fair ( Computer & Mobile ) တွင်

Perfect Computer Centre မှဝယ်ယူအားပေးသော Customer များအားကျေးဇူးတုန့်ပြန်သောအားဖြင့်...

Desktop Computer (၁)စုံ ဝယ်ယူသူတိုင်းအတွက်

အထူးလျှော့ဈေး + စုစုပေါင်းကျပ်(၁၅၀၀၀)တန် လက်ဆောင်ပစ္စည်း (၁၀) မျိုး + သက်ဆိုင်ရာDistributor ၏လက်ဆောင်များ

Laptop Computer (၁)လုံး ဝယ်ယူသူတိုင်းအတွက်

အထူးလျှော့ဈေး + စုစုပေါင်းကျပ်(၂၅၀၀၀)တန် လက်ဆောင်ပစ္စည်း (၁၀) မျိုး + သက်ဆိုင်ရာDistributor ၏လက်ဆောင်များ

အမှတ် (၁၁၇)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၁- ၃၈၆၆၂၈၊ ၃၇၄၂၃၂၊ ၀၉-၅၁၄၇၂၇၀
E-mail: perfectpcshop@gmail.com Website: www.perfectpcshop.com



## Dark Shadows

By NAL




Director – Tim Burton
Starring – Johnny Depp, Michelle Pfeiffer, Helena Bonham Carter
Studio – Village Roadshow Pictures
Release Date – May 18th, 2012

Director Tim Burton ရိုက်ကူးပြီး Johnny Depp၊ Michelle Pfeiffer နှင့် Helena Bonham Carter တို့ပါဝင်ထားတဲ့ Dark Shadows သွေးစုတ်ဖုတ်ကောင် ဟာသရုပ်ရှင်ဇာတ်ကားဟာ 2012 May လမှာ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သိရှိရပါတယ်။ Director Tim Burton နှင့် Johnny Depp တို့ဟာ နှစ်ပေါင်း 20 ကျော်ကြာ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ တွဲဖက်ရိုက်ကူးခဲ့သလို မင်းသမီး Helena Bonham Carter မှာလည်း Tim Burton ၏ဇနီးဖြစ်ကြောင်း သိရှိရပါတယ်။ Johnny Depp နှင့် Tim Burton တို့ပူးပေါင်းတင်ဆက်ခဲ့သည့် ရုပ်ရှင်ကားများထဲတွင် Edward Scissorhands ၊ Sleepy Hollow ၊ 3D Animation ရုပ်ရှင် Corpse Bride ၊ Sweey Todd နှင့် 3D effects နှင့် Visual effects များအရမ်းကောင်းလို့ အောင်မြင်ခဲ့တဲ့Alice in Wonderland အစရှိသည့် နာမည်ကြီးရုပ်ရှင်ဇာတ်ကား အမြောက်အမြားပါဝင်သလို Director Tim Burton ရဲ့ Darkshadows ရုပ်ရှင်အပြင် Frankenweenie အမည်ရ Animation ရုပ်ရှင်ဇာတ်ကားဟာလည်း မကြာခင်မှာ ထွက်ရှိတော့ မှာပါ။ Dark Shadows ရုပ်ရှင်မှာ 1966 မှ 1971 အတွင်း ပြသခဲ့သည့် Dark Shadows TV Series ရုပ်သံဇာတ်လမ်းတွဲကို မှီငြမ်းထားခြင်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။

Dark Shadows မှာ Johnny Depp က 18 ရာစုကာလတွင် စုန်းမတစ်ယောက်၏ ကျိန်စာသင့်မှုကြောင့် အိပ်ပျော်နေရာမှ 20 ရာစုတွင်နိုးထလာသူ သွေးစုပ်ဖုတ်ကောင် Barnabos Collins အဖြစ်ပါဝင်သရုပ်ဆောင်ထားပြီး ကျန်ရှိသော Collins မိသားစုများအဖြစ် Michelle Pfeiffer ၊ Johnny Lee Miller နှင့် Chloe Moretz တို့က ပါဝင်သရုပ်ဆောင်ထားပါတယ်။ Barnabos အပေါ် ရန်ငြိုးထားသူ စုန်းမ Angelique အဖြစ် 007 Casino Royale နှင့် Golden Compass တို့မှ မင်းသမီး Eva Green ကပါဝင်သရုပ်ဆောင်ထားမှာပါ ။

ယခင်အတိတ်ကာလနှင့် လက်ရှိခေတ်ကာလတို့မတူညီပုံတွေ ကြားမှ Barnabos Collins ၏ ကမောက်ကမအဖြစ်အပျက်များနှင့် Collins မိသားစုဝင်များ၏ ဟာသဆန်ဆန်အဖြစ်အပျက်များကို မြင်တွေ့ရမှာဖြစ်သလို Johnny Depp ၏ ဇာတ်ကောင် Barnabos Collins နှင့် သူ၏ရန်သူ စုန်းမ Angelique တို့၏ တိုက်ပွဲများကိုလည်း အထူးပြုလုပ်ချက်များ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ရှုစားရဦးမှာ ဖြစ်ပါတယ်။ ပြင်ပ outdoor scenes တွေကို England ရှိအပြင်ပိုင်း location တွေမှာပဲရိုက်ကူးထားပေမဲ့ Action scene များနှင့် အတွင်းပိုင်း Gothic design အပြင်အဆင်အချို့ကို Green Screen နည်းပညာဖြင့် Studio အတွင်းတွင် ရိုက်ကူးထားပါတယ်။ Gothic settings နှင့် ရုပ်ရှင်တွေကို ရိုက်ကူးတဲ့နေရာမှာ အကျွမ်းဆုံး Director တစ်ယောက်ဖြစ်တဲ့ Director Tim Burton ကြောင့်ကော Johnny Depp ရဲ့ သာမန်လူတွေနှင့် ပုံစံမတူတဲ့ သရုပ်ဆောင်မှုတွေကြောင့်ပါ Dark Shadows ရုပ်ရှင်ဇာတ်ကားက အခြားသွေးစုပ်ဖုတ်ကောင် Vampire ရုပ်ရှင်တွေနှင့် မတူဘဲ တစ်မူကွဲပြားပြီး ကြည့်လို့ ကောင်းမှာသေချာပါတယ်။

## Senki Zessho Symphogear

By NAL



No. of Episodes – 13
Genre – Science Fiction, Action
Studio – Satelight
Score – 3.5 out of 5

Senki Zessho Symphogear ဇာတ်လမ်းတွဲဟာ နာမည်ကြီး Science Fiction နှင့် စက်ရုပ် Mecha ဇာတ်လမ်းတွဲနှင့် ရုပ်ရှင်များကို ထုတ်လုပ်ဖူးတဲ့ Studio Satelight ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ Science Fiction နှင့် Action အမျိုးအစား Animation Series တစ်ခုဖြစ်ပါတယ်။ Studio Satelight ဟာ Macross Frontier ၊ Kiddy Girl-and နှင့် Aquarion EVOL အစရှိတဲ့ လူကြိုက်များသော Science Fiction series များရဲ့ Studio လည်းဖြစ်ပါတယ်။ Macross Frontier ဇာတ်လမ်းလိုမျိုးပဲ Symphogear ဟာ တေးဂီတပိုင်းကို ကောင်းမွန်တဲ့ နောက်ခံ background music အဖြစ်သာမက အရေးပါတဲ့ ဇာတ်လမ်း အစိတ်အပိုင်းတစ်ခုအနေနှင့်ပါ အသုံးချထားတာကို တွေ့ရှိရပါတယ်။ English ဘာသာစကားနှင့်ဆို Swan songs of the Valkyries: Symphogear လို့ဘာသာပြန်လို့ရတဲ့ Senki Zessho Symphogear ဇာတ်လမ်းတွဲမှာ Symphogear အမည်ရ Power Suit ဝတ်စုံများကို ဝတ်ဆင်ထားတဲ့ ကောင်မလေးတွေဟာ လူသားမျိုးနွယ်စုရဲ့ ရန်သူဖြစ်တဲ့ Noise အမည်ရ သတ္တဝါဆိုးတွေကို တိုက်ခိုက်ရတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

Symphogear ဇာတ်လမ်းရဲ့ အဓိကဇာတ်ကောင်ဖြစ်တဲ့ Hibiki ဟာ ဇာတ်လမ်းအစပိုင်းမှာ Symphogear suit ကိုရရှိထားခြင်းမရှိသေးပါဘူး။ Zwei Wing အမည်ရ Kanade နှင့် Tsubasa အဆိုတော်ကောင်မလေး နှစ်ယောက်ရဲ့ Live Show ကိုကြည့်ရှုနေစဉ်မှာ Noise တွေရဲ့ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရပြီးနောက် အဆိုတော် Kanade နှင့် Tsubasa တို့ဟာ Symphogear suit များနှင့် Noise များကို တိုက်ခိုက်နိုင်သူတွေ ဖြစ်ကြောင်း Hibiki ကတွေ့ရှိလိုက်ရပါတယ်။ ဒါပေမဲ့ Kanade ဟာ Noise များရဲ့တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရပြီး Hibiki ကတော့ Kanade ရဲ့ Symphogear suit စွမ်းအင် အစိတ်အပိုင်းအချို့ကို ရရှိခဲ့ပါတယ်။ Tsubasa အနေနှင့်ကတော့ အသက်ဆုံးရှုံးသွားတဲ့ သူငယ်ချင်း Kanade နေရာကို ဝင်ရောက်လာတဲ့ Hibiki ကို အစပိုင်းမှာ အမြင်မကြည်ပေမဲ့ နောက်ပိုင်းမှာတော့ Hibiki ၊ Tsubasa တို့နှင့် အတူအခြား Symphogear suit စွမ်းအားရှင်များ ပူးပေါင်းပြီး Noise များကို တိုက်ခိုက်ကြပုံကို မြင်တွေ့ရမှာပါ။

Symphogear ဟာ Noise များနှင့် တိုက်ခိုက်ခန်းများကို အသားပေးထားသလို Symphogear suit ကို အသုံးပြုဖို့ ဂီတသံစဉ်တွေ လိုအပ်တဲ့အတွက်ကြောင့် သီချင်းအတော်တော်များများကို တိုက်ခိုက်ခန်းများမှာ အသုံးပြုထားတာကို တွေ့ရပါတယ်။ နောက်ခံသီချင်းအနေနှင့် သီးခြားဖွင့်ထားတဲ့ ပုံမျိုးမဟုတ်ဘဲနှင့် ဇာတ်ကောင်တွေ ကိုယ်တိုင်ကိုက ရန်သူတွေကို တိုက်ခိုက်ရင်းသီဆိုတာ မြင်တွေ့ရမှာပါ။ Animation quality ပိုင်းအနေနှင့်ကတော့ Macross Frontier တို့ Aqurion EVOL တို့လောက်မကောင်းပေမဲ့ Action ခန်းတွေမှာတော့ Color သုံးထားပုံတွေ တိုက်ကွက်ပုံစံ အသစ်အဆန်းတွေက သဘောကျဖို့ကောင်းပါတယ်။ Comedy နှင့် Drama အခန်းလေးတွေလည်း ပါဝင်ပြီး Hibiki ရဲ့ ပျော်ပျော်နေတတ်တဲ့ စိတ်ဓာတ် နှင့် စိတ်ဓာတ်တင်းမာတဲ့ Tsubasa ရဲ့ဇာတ်ကောင်စရိုက်အပြင် Noise တွေကို တာဝန်ယူထားတဲ့ Mobile Disaster Response Corps အတွင်းမှ ဇာတ်ကောင်များ ကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ Symphogear Series ဟာ Macross Frontier နှင့် Madoka Magica တို့လို Science Feiction, Musical နှင့် Mahou Shoujo ဇာတ်လမ်းမျိုးတွေ နှစ်သက်တဲ့ ပရိသတ်အတွက် သင့်တော်ပါတယ်။




## The Walking Dead

By Train

Movie ဇာတ်လမ်း တစ်ခုဟာ အောင်မြင်လာရင်၊ လူကြိုက်များလာရင် နောက်ပိုင်း သူ့အလိုလို ဂိမ်းတွေပါ ထွက်လာတတ်ကျပါတယ်။ Avatar၊ Bat Man ၊ Prison Break စတဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွေထွက်ပြီး ဂိမ်းတွေပါ အဲ့ဒီနာမည်တွေနဲ့ ထွက်လာကြပါတယ်။ zombie တွေနဲ့ တိုက်ခိုက်တယ်၊ မြို့တစ်ခုလုံးက ရောဂါကူးစက်ခံထားရတယ်ဆိုတဲ့ ဂိမ်းမျိုးဆိုရင် Resident Evil ကို gamer တွေ သတိရကြပါလိမ့်မယ်။ The Walking Dead : The Game ကလဲ အဲ့လို ဂိမ်း အမျိုးအစားပါဘဲ။ သူ့ရဲ့ TV series ကတော့ နိုင်ငံခြား ရုပ်သံလိုင်းတွေမှာ Hit ဖြစ်ပါတယ်။ The Walking Dead က ရုပ်သံတွေမှာလဲ အပိုင်းတွေ နဲ့ပြသလို အခု ဂိမ်းပုံစံမှာလဲ အပိုင်းတွေခွဲပြီး ထွက်ဖို့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ Walking Dead ကို တရားဝင်ရောင်းမဲ့ Telltale Games company က အပိုင်းတွေ ခွဲပြီးရောင်းမှာဖြစ်ပါတယ်။

Platform မျိုးစုံ ကစားလို့ရမှာ ဖြစ်ပြီး ipad မှာပါ ကစားလို့ရအောင် စီစဉ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။ သို့သော် သင်သာ Walking Dead ကို PC နဲ့ Mac မှာကစားဖို့ ဝယ်ချင်တယ်ဆိုရင်တော့ five-episode အတွက် $24.99 ကျပ်နဲ့ Apirl 24 ရက်နေ့ တည်းက ဝယ်ယူနိုင်နေပါပြီ။ PS3 အတွက်ဆိုရင်တော့ $19.99ကျပ်နဲ့ ဝယ်ယူကစားနိုင်ပါပြီ ဖြစ်ကြောင်း ကြော်ငြာထားပါတယ်။ ကျွန်တော်တို့ ဆီကို တော့ ဘယ်လို ပုံစံ ဘယ်လို အပိုင်းတွေနဲ့ ရောက်လာမလဲဆိုတာတော့ကြိုမသိနိုင်သေးပါဘူး။ ဒါပေမဲ့ သင်ဟာ Resident Evil ကို ကစားဖူးတယ် ကြိုက်တယ် ဆိုတဲ့ လူတစ်ယောက်ဆိုရင် The Walking Dead ကိုလဲ ခိုက်သွားမှာသေချာပါတယ်။ Resident Evil လို ဇာတ်လမ်းချင်းဆင်ပေမဲ့ သူ့လိုမဟုတ်တာတော့သေချာပါတယ်။ Resident Evil တုန်းက ဇာတ်လိုက်မင်းသားက မြို့ထဲလျှောက်သွား zombie တွေနဲ့ တိုက် ဆေးပင်တွေစား ၊ လက်နက်တွေရှာဖွေရတဲ့ ပုံစံပါ။ ဒီ Walking Dead ကတော့ အဲ့ဒီလိုမျိုးမဟုတ်ဘဲ မတူညီတဲ့ ရသ တစ်ခုရမဲ့ adventure game တစ်ခုပါ။ game ရဲ့ ပုံစံက movie တွေထဲကလိုတော့ မဟုတ်ပါဘူး။ Movie ထဲက ဇာတ်ကောင်တွေလဲ ပါမှာမဟုတ်ပါဘူး။ ပြောရရင် ဇာတ်လမ်းရဲ့အမည် ရယ်၊ ဇာတ်ညွှန်းရယ် ယူထားတယ်ဆိုတဲ့ သဘောမျိုးပါဘဲ။ ကျန်တာတွေက တော့ လုံးဝအသစ်တွေပါဘဲ။ ဂိမ်းရဲ့ အဓိကဇာတ်ကောင် က Lee Everett ဆိုတဲ့ ပြစ်မှုကျူးလွန်ထားတဲ့ ရာဇဝတ်သားတစ်ယောက်ပါ။

သူ့ကို ရဲကားတစ်စီးနဲ့ဖမ်းလာခေါ်လာပြီး ခရီးလမ်းမှာ အဲ့ဒီရဲက Lee နဲ့ စကားပြောနေရင်း ရုတ်တရက် လူတစ်ယောက်ကိုတိုက်မိသွားတဲ့အချိန် ကြောင်ပြီး ကားကို ဆွဲကွေ့လိုက်တဲ့အတွက် ကားကလမ်းချော်ပြီး ချောက်ထဲကိုကျ သွားခဲ့ပါတယ်။ သူသတိရလာတဲ့အခါမှာသူ့ကို ခေါ်လာတဲ့ ရဲလဲ zombie ဖြစ်နေပါပြီ။ သူလဲ ကားမှောက်ထားတဲ့အတွက် ညာဘက်ပေါင်မှာ ဒဏ်ရာတွေ ရ ထားပါတယ်။ သူ့ကို zombie တွေပိုင်းနေတဲ့ အချိန်မှာ ပြေးမိပြေးရာပြေးရင်နဲ့ ခြံစည်းရိုးတခုကို ကျော်တက်ရင်း အိမ်တလုံးထဲကို ရောက်သွားပါတယ်။ ဖြစ်ချင်တော့ အဲ့ဒီအိမ်က မိသားစုတွေက အကုန်းလုံး zombie တွေဖြစ်သွားကြပြီ။ ဒါပေမဲ့ ကလေးလေးတစ်ယောက်ထဲ မဖြစ်သေးတာ။ အဲ့ဒီ ကလေးလေးကို lee က ခေါ်လာရင်း အဲ့ဒီ မြို့လေးထဲ ဒုက္ခရောက်နေတဲ့ သူတွေကိုပါ zombie တွေကြားက ကယ်တင်ရမဲ့ ဂိမ်းတစ်ခုပါ။ ဒီဂိမ်း တခြားဂိမ်းတွေလို ဇာတ်လမ်းသီးသန့်လာပြီးမှ ဆော့ရတဲ့ ဂိမ်းမဟုတ်ပါဘူး။ ဇာတ်လမ်း လာနေရင်းနဲ့ကို ဇတ်လမ်းကြည့်လိုက် ဆော့လိုက်၊ ကစားရမဲ့ ဂိမ်းတစ်ခုပါ။ တကယ့်ဇတ်လမ်းထဲရောက်သွားသလိုခံစားရမဲ့ သဲထိတ်ရင်ဖို ဂိမ်းတစ်ခုလို့ ပြောရင်လည်း မမှားပါဘူး။ ဇာတ်လမ်း၊ ဇာတ်ညွှန်း အကုန် ကောင်းပေမဲ့ အားနည်းချက်က graphic ပါ။ ဒီဂိမ်းက 2D ပုံစံ ဖြစ်နေတာလေးတစ်ခုက လွဲရင် အကုန်ကောင်းပါတယ်။ တကယ်လို့သာ graphic engine ကောင်းကောင်းနဲ့သာ အားဖြည့်ပေးထားမယ်ဆို တော်တော်ပေါက်မယ့် ဂိမ်းတခုဖြစ်လာမှာ မလွဲပါဘူး။ နောက်ပိုင်း ဂိမ်း series တွေကျရင်တော့ upgrade လုပ်လာမယ်ထင်ပါတယ်။ အခုလောလောဆယ်တော့ 2D နဲ့ 5 episode တိတိ ဆော့ရမယ်လို့သာ သိထားကြပါသေးတယ်။ Developer နဲ့ Publisher က Telltale Games ဖြစ်ပြီး ဖန်တီးသူက Robert Kirkman တို့ ပုံဖော်လိုက်တဲ့ The Walking Dead : The Game ကို ဆော့ကြည့်လိုက်ကြပါလို့ Adventure gamer များကို သံချောင်းခေါက်လိုက်ရပါတယ်။

- » **Published by Teltale Games**
- » **Developed by Teltale Games**
- » **Genre Action**
- » **Release Date April 2012**
- » **Available on PC, Mac, iPad, PlayStation 3, Xbox 360**



## Sony မှ God of War: Ascension ၏ multiplayer ကို တရားဝင်ထုတ်ဖော်

By YHT

Sony ၏ နာမည်ကျော် ဂိမ်းတစ်ခုဖြစ်သော God of War IV (သို့) God of War: Ascension ထွက်ရှိမည်ဟု ကောလဟာလ သတင်းများထွက်ရှိခဲ့သည့်



အချိန်မှ စ၍ ကမ္ဘာ့မီဒီယာလောကမှာ Sony အနေဖြင့် ဂိမ်းအား မည်သည့် အချိန်တွင် တရားဝင်ထုတ်ပြန် ကြော်ငြာမည် စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြပါတယ်။

သတင်းများအရ Sony မှ ထုတ်ဖော်ပြသ ခဲ့ချက်များအရ God of War IV ၏ ဇာတ်လမ်း၊ ဇာတ်ကွက်များကို အဓိကထား ပြသမသွားပဲ ၎င်း၏ multiplayer Gameplay ကိုသာ ပြသသွားကြောင်း သိရပါတယ်။ လက်ရှိအချိန်တွင် လူအများစုမှာ ဇာတ်ကောင် Kratos အနေဖြင့် ပါဝင်ဆော့ကစားမည့် နေရာကို သိရှိလိုနေကြပြီး၊ ရင်ဆိုင်ရမည့် Boss များကိုလည်း သိရှိလိုနေကြပါတယ်။

ယခုအချိန်တွင် Sony မှ ၎င်းအချက်အလက်များ အားလုံးကို ထုတ်ဖော်ပြသခြင်းမပြုသေးပဲ multiplayer mode ၏ ထူးခြားချက်များ ကိုသာ ဖော်ပြသွားပါတယ်။ ဖော်ပြသွားချက်များအရ ဂိမ်းကစားသူများ မှ multiplayer mode အတွင်း မိမိ character များကို လိုအပ်သလို customize ပြုလုပ်သွားနိုင်ပြီး တန်ခိုးကြီး God များဖြစ်သော (Zeus၊ Poseidon၊ Hedes) တို့ကို ပူးပေါင်းသွားနိုင်ခြင်း၊ Ranks များလာသည်နှင့်အမျှ abilitiesများ၊ items များနှင့် armor set များကို upgrade ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ယခုဂိမ်းတွင် မည်သည့် Female character မှ ပါဝင်မည် မဟုတ်ပဲ ထိုကဲ့သို့ဖြစ်ရခြင်းမှာ God of War အစဉ်အဆက် female character များမှာ မလုပ၍ဖြစ်ကြောင်း Game Director ဖြစ်သူ Todd Pepy မှ ဆိုထားပါတယ်။

ယခု ကြော်ငြာသွားသည့် God of War IV multiplayer တွင် map ပေါင်း ၇ ခု၊ မတူညီသော ပတ်ဝန်းကျင် ၅ ခု၊ arenas ၂ ခု၊ Split-Screen support တို့ပါဝင်မည် ဖြစ်ပြီး drop-in/drop-out ပါဝင်မည် မဟုတ်ကြောင်း သိရပါတယ်။

## Activision မှ Call of Duty: Black Ops 2 ကို တရားဝင်ကြော်ငြာ

By YHT



Activision မှ ယခင်တစ်ပတ်အတွင်း Call of Duty စီးရီး၏နောက်ဆုံးထွက် စီရီးဖြစ်လာမည် Call of Duty: Black Ops 2 ကို ပြုလုပ်နေကြောင်း ကြော်ငြာသွားခဲ့ပါတယ်။

ယခုအချိန်တွင် Call of Duty: Black Ops 2 နှင့် ပတ်သက်သည့် အချက်အလက်များ ကို callofduty.com တွင် ဖော်ပြထားပြီး သတင်းများ၏ အဆိုအရ Black Ops 2 မှာ မကြာခင်ကာလများအတွင်း ဖြစ်ပွါးခဲ့သည့် Black Ops mission များကို အခြေခံထားမည် ဖြစ်ကြောင်း သိရပါတယ်။

သို့အတွက် Treyach အနေနှင့် Black Ops 2 ကို မည်သို့မည်ပုံ စိတ်ဝင်စားဖွယ် ကောင်းစေရန် ဖန်တီးမည်ကို စောင့်ကြည့် ရမည်မှာ အမှန်ပင်ဖြစ်ကြောင်း တင်ပြလိုက် ရပါတယ်။

## SEGA ၏ CEO ကုမ္ပဏီမှ နှုတ်ထွက်

By YHT

နာမည်ကျော် ဂိမ်းကုမ္ပဏီတစ်ခုဖြစ်သော SEGA မှ ယခင်တစ်ပတ်အတွင်း ၎င်းတို့၏ CEO ဖြစ်သူ Mike Hayes မှာ ရာထူးမှ နှုတ်ထွက်လိုက်ပြီ ဖြစ်ကြောင်း ကြော်ငြာခဲ့ပါတယ်။

ကြော်ငြာချက်အရ Mike မှာ CEO ရာထူးမှ နှုတ်ထွက်သွားသော်လည်း SEGA နှင့် အခြားကုမ္ပဏီများတွင် အကြံပေးသူတစ်ဦး အဖြစ် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရပါတယ်။

ထို့နောက် SEGA ၏ လက်ရှိ COO ဖြစ်သူ Jurgen Post မှာ America နှင့် Europe ၂ ခုလုံးအတွက် CEO ရာထူးအဖြစ် တာဝန်ယူသွားမည် ဖြစ်ကြောင်း သိရပါတယ်။

Hayes မှာ ကုမ္ပဏီအတွင်း Total War developer ဖြစ်သော The Creative Assembly ကို ခေါ်ယူနိုင်ခဲ့ခြင်းနှင့် ကုမ္ပဏီကို Digital လောကအတွင်း ဆက်လက်ရှေ့ဆက်တိုးနိုင်စေရန် လမ်းပြခဲ့ခြင်းတို့ကြောင့် နာမည်ကျော်ကြားခဲ့သူတစ်ဦးဖြစ်ပါတယ်။

Amazing Spider-Man တွင် Black Cat လည်း ပါဝင်မည်

ယခုထက်တိုင် ထုတ်ဖော်ပြသနေသေး သည့်အဆင့်၌သာ ရှိသည့် Activison ၏ Amazing Spider-Man ဟာ ယခုအချိန် တွင်လည်း ဂိမ်းအတွင်း Character အသစ်အဖြစ် Black Cat ကို ထည့်သွင်း သွားမည်ဖြစ်ကြောင်း ကြော်ငြာခဲ့ပါတယ်။

Black Cat မှာ အရည်အချင်းရှိ ကြောင် ပုံသဏ္ဍာန် female character တစ်ခုဖြစ်ပြီး peter parker ကို အဓိကယှဉ်ပြိုင်နိုင်မည့် Boss တစ်ယောက်ဖြစ်လာနိုင်ပါတယ်။

Amazing Spider-Man ဟာ ထွက်ရှိလာမည့် Spider-Man 4 ကို အခြေခံထားခြင်း ဖြစ်သည့်အတွက် ဂိမ်းကစားသူများမှာ ရုပ်ရှင်အတွင်း မပါဝင်သည့် Black Cat မှာ မည်သည့် နေရာတွင် ပါဝင်သွားမည်ဆိုခြင်းကို အထူးစိတ်ဝင်စားလျှက်ရှိနေကြကြောင်း သိရပါတယ်။

Amazing Spider-Man မှာ June လ ၆ ရက်နေ့တွင် Xbox 360၊ PlayStation 3၊ Wii၊ DS နှင့် 3DS တို့တွင် ထွက်ရှိမည် ဖြစ်သည်။

## ထူးခြားကောင်းမွန်သော Graphic များဖြင့် ထွက်ရှိလာမည့် Portal Anime

By YHT

World Best Puzzle Game Award ဆုရရှိစွတ်ချူးထားနိုင်ခဲ့သော Portal ဂိမ်းအား ရုပ်ရှင်ဖြင့် အသက်သွင်းနေ ခြင်းဟာ မပြီးဆုံးသေးသော်လည်း ထွက်ပေါ်လာသည့် ပုံရိပ်များကို ကြည့်ရှုခြင်းဖြင့် လှပဆန်းသစ်သော Graphic Animation များကို အသုံးပြုထားကြောင်း သိရပါတယ်။

အဆိုပါ ပုံရိပ်များကို ဖြန့်ချိခဲ့သူကတော့ Alex Zemke ဖြစ်ပြီး ၎င်းဟာ portal animation ကို ပြုလုပ်နေသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်းနှင့် ၎င်းမှာ Uncharted 2၊ 3 နှင့် Smurf movie တို့ကိုလည်း animation ရေးဆွဲခဲ့သူ ဖြစ်ကြောင်း သိရပါတယ်။

## ဂိမ်းအဖြစ် ထွက်ရှိလာမည်မဟုတ်သည့် နာမည်ကျော် **Comic Book Character** များ

By YHT

ဂိမ်းကစားသူများအနေဖြင့် Comic စာအုပ်များနှင့် ပတ်သက်သည့် ဂိမ်းမျိုးကို ကစားရလျှင် အမြဲတမ်းလိုလို Batman (သို့) Spider-Man သာ ဖြစ်နေလေ့ ရှိတာကို သတိပြုမိကြမယ် ထင်ပါတယ်။ သို့သော်လည်း ကမ္ဘာပေါ်တွင် ၎င်းတို့နည်းတူ အခြားနာမည်ကျော်ကာ ဂိမ်းအဖြစ် အသက်သွင်းခြင်း မပြုသေးသည့် Character များလည်း ကျန်ရှိနေပါသေးတယ်။

### Planetary




များစွာသော လျှို့ဝှက် အေဂျင်စီတွေက နိုင်ငံရဲ့ လုံခြုံရေး ကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းရပြီး ကမ္ဘာ့ အဖျက်အမှောက် ရန်စွယ်များကိုလည်း ရင်ဆိုင်ရပါသေးတယ်။ သို့သော်လည်း Comic စာအုပ်များထဲမှာ နာမည်ကြီးတဲ့ Planetary အဖွဲ့အစည်းကတော့ အဆိုပါ ရည်ရွယ်ချက်များကြောင့် ဖွဲ့စည်းထားတာ မဟုတ်ပဲ ကမ္ဘာကြီးရဲ့ လျှို့ဝှက်ချက်များကို သာ အဓိကဖော်ထုတ်သွားဖို့ အတွက် ဖြစ်ပါတယ်။

၎င်းအတွင်း ပါဝင်တဲ့ အဖွဲ့ဝင်များဟာ Superhero များမဟုတ်ကြသော်လည်း ထိုသူများကဲ့သို့ပင် ထူးခြားသော စွမ်းအင်များ ရှိကြပြီး ၎င်းတို့ကိုယ် ၎င်းတို့ ရှေးဟောင်းသုတေသန ပြုလုပ်သူများဟု သာ သတ်မှတ်ထားကြပါတယ်။

### J.Jonah Jameson (Spider-Man)

Spider-Man comic စာအုပ်တွေထဲမှာ ပါလေ့ပါထရှိတဲ့ ဇာတ်ကောင်




တစ်ဦးဖြစ်ပြီး J.Jonah Jameson ဟာ ကိုယ်ပိုင် Character တစ်ခုအနေနဲ့လည်း နာမည်ကြီးပါသေးတယ်။ ၎င်းဟာ ရဲရဲတောက် စိတ်အားထက်သန်သူ တစ်ဦးဖြစ်ပြီး ကိုယ်ပိုင်ယုံကြည်မှုအတွက် ဘာမဆိုရယူပိုင်ဆိုင်လိုသူတစ်ဦး လည်း ဖြစ်နေပြန်ပါသေးတယ်။

ထို့ပြင်Jameson ဟာ ဝတ်ရုံဝတ် လူသားများ၏ အခွင့်အရေးများကို ချိုးဖောက်နေသူများကို မုန်းတီးပြီး လိုက်လံနောက်ယှက်တတ်သူဖြစ်ပေမယ့် လည်း ငယ်ရွယ်စဉ်ဘဝတုံးကတော့ ၎င်းဟာ ပုလိပ်အဖွဲ့အစည်းရဲ့ ယိုယွင်းနေမှုများကို စုံစမ်းစစ်ဆေးခဲ့သူ တစ်ဦးအဖြစ် mission များတွင် ကျင်လည် ခဲ့ရပါတယ်။

### The Saint of Killers (Preacher)




၅ နှစ်သက်တမ်းရှိတဲ့ ဒီ Preacher စီးရီးထဲမှာ ပါဝင်တဲ့ side character ဟာ မသေနိုင်တဲ့ Cowboy တစ်ဦးဖြစ်ပြီး ၎င်းဟာ စွမ်းအားအကုန်လုံးနီးပါးကို ရရှိကာ God များကို လိုက်လံသုတ်သင် နေသည့် ဇာတ်လမ်းဖြစ်ပါတယ်။ အဆိုပါ Cowboy ရဲ့ နာမည်ကတော့ Saint of Killers ဖြစ်ပြီး ၎င်းဟာ ဘုရားသခင်၏ personal mercenary အဖြစ်ခံယူထားသူ တစ်ဦးဖြစ်ပါတယ်။

## Game စက်နှင့် အခြား ဆက်စပ်ပစ္စည်း ဈေးနှုန်းများ

| Consoles | Price (KYAT) |
|---|---|
| PS 3 (160 GB) | 400,000 |
| PS 3 (320 GB) | 450,000 |
| Xbox 360 (250 GB) | 500,000 |
| Wii (new version) | 380,000 |
| PS 2 (Made in Singapore) | 110,000 |
| Nintendo NDS (lite) | 160,000 |
| Nintendo NDS (i) | 250,000 |
| PSP (Model . 2000/300) | 300,000 |
| PSP (Model. 1000) | 135,000 |
| PSP (Model Go) | 240,000 |
| Game Boy (Built in 360 000) | 90,000 |

အထက်ပါဈေးနှုန်းများမှာ ကိုဘီနီး (Sony Game) မှ ဈေးနှုန်းများ ဖြစ်ပြီး ဝယ်ယူလိုပါက အမှတ် (၂၅၉)၊ ဘားလမ်း (အထက်ဘလောက်)၊ ဖုန်း-၂၅၆၄၁၇ တွင် ဝယ်ယူနိုင်သည်။

# နည်းပညာတိုးတက်မှုနှင့်အတူ ပြောင်းလဲလာတဲ့ ရုပ်ရှင်ရုံများ



တိုးတက်ပြောင်းလဲလာတဲ့နည်းပညာခေတ်ကြီးထဲမှာ ပြည်တွင်းရှိ ရုပ်ရှင်ရုံများဟာလည်း 2010 ခုနှစ်လောက်အထိ သီးသန့်ရုပ်ရှင် ရုံများတွင်သာ ကြည့်ရှုနိုင်ပြီး ယခုအခါမှာတော့ Shopping Center များတွင်ကြည့်ရှုလာနိုင်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရုပ်ရှင်ကြည့်ဖို့ဆိုတာ တကယ်ကို တခမ်းတနားကြီးပါပဲ။ အိမ်က မိဘတွေက ဒီနေ့ည ရုပ်ရှင်ကြည့်မယ်လို့ ပြောလိုက်တာနဲ့ အဝတ်အစားကောင်းကောင်းလေးတွေ ထုတ်ဝတ်ပြီး အိမ်ရှေ့မှာ လတ်လျားလတ်လျားလုပ်ပြလိုက်ရတာ အမောပါပဲ။ ရပ်ကွက် အိမ်နီးနားချင်းတွေထဲမှာ ကိုယ်လို ရုပ်ရှင် မကြည့်ဖူးသူတွေဆိုတာ အများကြီး ရှိတာ မဟုတ်လား။ ဒီတော့ ကြွားတုန်း ကြွားရတာလေ။ ပြီးတော့ ရှိသေးတယ်။ ရုပ်ကြည့်ကြည့်တာကို တခမ်းတနားလုပ်ပြီး စပ်ဆိုထားတဲ့ သီချင်းတောင်ရှိသေး။ ဘာတဲ့။ ရုပ်ရှင်သွားဖို့ အလုပြင်ရန်ပင်၊ မုန့်တင်ခုံနဲ့ ကျွန်မမျက်နှာချင်းဆိုင်...ကို ယ်ဟန်ကြော့ကြော့..မော့မော့ကလေးထိုင်....တို့ပတ်ကလေးနဲ့ ဘီးလေးတကိုင်ကိုင်.... ရေဒီယိုက တစ်ခါတစ်လေထုတ်လွှင့်သံကို ကြားဖူးကြပါလိမ့်မယ်။ အဲဒီခေတ်တုန်းက ရုပ်ရှင်ဆိုတာ လမ်းဘေးမှာ လေးတိုင်စင်ထောင်ပြီး ပိတ်ကားကြက်လို့ ပြကြတာပါ။ အဲဒီအချိန်တုန်းက အဖြူအမည်းရုပ်ရှင်ပေါ့လေ။ အဖြူအမည်းရုပ်ရှင်ခေတ် မတိုင်ခင်တုန်းကဆိုရင် ပိုတောင်ဆိုးသေးတယ်။ အသံတိတ်ရုပ်ရှင်တဲ့။ ကျွန်တော်တို့ အဘိုးတွေ အဘွားတွေ လက်ထက်တုန်းကပေါ့။ ဖလင်ရစ်တဲ့ စက်ကြီးက တဝှီးဝှီးနဲ့။ ဒီကြားထဲ ဖလင်ညပ်လို့၊ မီးစက်ပျက်လို့ အစရှိတဲ့ အကြောင်းအမျိုးမျိုးတွေခံစားရင်း ရုပ်ရှင်အရသာကို ခံစားခဲ့ရပါတယ်။ ဒီနေ့ခေတ်မှာတော့ နည်းပညာရဲ့ပံ့ပိုးမှုကြောင့် 2D ရုပ်ရှင် များသာမက 3D ရုပ်ရှင်များကိုပါ ဈေးနှုန်းသက်သာစွာနဲ့ ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။

## Taw Win Centre



ကျွန်တော်တို့အခု 3D ရုပ်ရှင်ရုံတွေကို စင်တာတွေမှာဖွင့်လာတာတွေ့ရပါတယ်။ ဒါဟာဘာကြောင့်လဲဆိုတော့ နည်းပညာတစ်ခုပြီးတစ်ခုတိုးတက်လာလို့ပါ။ ရုံဝင်ကြေးအဖြစ် ကောက်ခံနေတဲ့လက်မှတ်ခ၊ ဈေးနှုန်းက 2500, 3500 ကျပ်ပါ၊ 2500 ကျပ်နဲ့ 3500 ကျပ်က ဘာကွာခြားပါသလဲဆိုရင် 3500 ကျပ်က နောက်ဆုံးမှာဆိုတော့ လွတ်လွတ်လပ်လပ် ကြည့်လို့ရပါတယ်။ 2500 ကျပ်ကရှေ့ဆုံးမှာဆိုတော့ ထရ၊ ထိုင်ရတာကအစ အခက်အခဲရှိနိုင်ပါတယ်။ တော်ဝင်စင်တာမှာ 3D ပြတဲ့ရုပ်ရှင်ရုံကတစ်ရုံရှိပြီး 2D ပြတဲ့ရုံက ၂ ရုံ ရှိပါတယ်။ 3D ကို 2012 March လောက်က စတင်ပြခဲ့တာပါ။ 3D ဇာတ်ကားအနေနဲ့ 5 ကားလောက် ပြသပြီးပါပြီ။ ရုပ်ရှင်ရုံမှာ ကြည့်ရှုနိုင်သူ အရေအတွက်အားဖြင့် 101 ခုံဆိုတော့ 101 ယောက်ဆံ့ပါတယ်။ Live Show တွေလုပ်တာတော့နည်းပါတယ်။

ရုပ်ရှင်ရုံမှာ အသုံးပြုတဲ့နည်းပညာပိုင်းအနေနဲ့က IT နည်းပညာတွေကို အသုံးပြုထားပါတယ်။ အသံပိုင်းကတော့ Dolby နည်းပညာကို သုံးထားကြောင်း သိရပါတယ်။ 3D ရုပ်ရှင်ဆိုတာ မျက်မှန်နဲ့ကြည့်ရတာပါ။ မျက်မှန် အရောင်က Gray နည်းနည်းကျပါတယ်။ ဒီမျက်မှန်တွေတပ်ဆင်ကြည့်ရတဲ့အတွက် ရုပ်ရှင်ကြည့်ပြီးလို့ ပြန်ပေးတာ၊ အပ်နံ့တာကတော့ ယုံကြည်မှုနဲ့ပဲလုပ်ကြောင်း သိရပါတယ်။ ရုပ်ရှင်လက်မှတ်ပါတဲ့သူကို ရုံအဝမှာ မျက်မှန်ပေးလိုက်ပါတယ်။ ပြန်မအပ်သွားတာမျိုးလဲရှိပါတယ်။ မျက်မှန်တစ်လက်ရဲ့ကြမ်းခင်းဈေးက တစ်သောင်းဂန်းကျင် ရှိပါတယ်။ ပျက်စီးသွားရင်တော့ တန်ဖိုးအတိုင်းပြန် ပေးလျော်ရပါတယ်။ မျက်မှန်မှာကတချို့ကလေးတွေကလည်းကြည့်ချင်တယ်၊ကလေးတွေနဲ့တော်မယ့် မျက်မှန်အရွယ်အစားကိုလည်း စီစဉ်ထားပါတယ်၊ မျက်မှန်တပ်ရတဲ့သူတွေအတွက်လည်း မျက်မှန်စီစဉ်ပေးထားတယ်။ အမျိုးအစား ၃ မျိုးခွဲထားတယ်ဆိုပါတော့။ ကလေးတွေအတွက်ရယ်၊ လူကြီးတွေအတွက် ရယ်၊မျက်မှန်တပ်ရတဲ့သူတွေအတွက်ရယ်ပေါ့။ ပြသနေတဲ့ 3D ရုပ်ရှင်တွေက တရားဝင်ဝယ်ပြီးပြတာဖြစ်ပါတယ်။ လောလောဆယ်အားဖြင့်တော့ စင်ကာပူကနေ မှာယူပြသတာဖြစ်ပါတယ်။ 3D ဇာတ်ကားတွေကို အပိုင်ဝယ်ယူထားတာကြောင့် ရက်အကန့်အသတ်မရှိ ပြသနိုင်ကြောင်းလည်း သိရပါတယ်။ ပြသချိန်အနေနဲ့က တခြားရုပ်ရှင်ရုံတွေအတိုင်း သတ်မှတ်ထားပါတယ်။ အရင်တုန်းက ရုပ်ရှင်နဲ့ 3D ရုပ်ရှင် ဘာတွေကွာခြားသွားလဲဆိုရင် ရှော့ပင်းစင်တာမှာဈေးဝယ်ရင်းနဲ့ပဲ ကိုယ်ဒီကားလေးကြိုက်တယ်ဆိုလို့ရှိရင် အချိန်ပေးပြီးတော့ အလွယ်တကူဝင်ကြည့်သွားလို့ရပါတယ်။ ကြိုတင်လက်မှတ်တွေလည်း ယူထားလို့ရပါတယ်။


လောလောဆယ်နှိုင်းယှဉ်ပြရရင် ဒီစင်တာမှာ ရုံ ၁ က မြန်မာကားတင်နေတယ်။ နောက်တစ်ရုံက 3D ပြနေပါတယ်။ 3D ကို လူကြိုက်များမယ်ထင်တဲ့ကားဆိုရင် ရက်သတ္တ နှစ်ပါတ်လောက် တင်တယ်လို့ ဆိုပါတယ်။ သိပ်မကြိုက်တဲ့ ပုံစံမျိုးတွေရှိလာရင် ၁ ပါတ်ထဲနဲ့ ချိန်းလိုက်ကြောင်းလည်း သိရပါတယ်။ 2D ရုပ်ရှင်ကားတွေပြဖို့တော့ အစီအစဉ်မရှိပါဘူး၊ နည်းပညာအမြင့်တွေကိုသာ လုပ်သွားဖို့ရှိပါတယ်။ မြန်မာကား 3D ကတော့ မြန်မာနိုင်ငံမှာ မလုပ်နိုင်သေးတာကြောင့် မပြသနိုင်သေးပါဘူး။ ဒါပေမဲ့ ပြည်တွင်းက ပညာရှင်တွေ ကိုယ့်ဘာသာကြိုးစားပြီး လုပ်ကြည့်နေတာတော့ ရှိပါတယ်။

ဖြစ်လာရင်လဲ ဖြစ်လာနိုင်ပါတယ်။ 3D ရုပ်ရှင်ရုံမှာ Speaker ကို တစ်ခန်းမှာ 8 လုံး တပ်ဆင်ထားပါတယ်။ 3D ပြတဲ့စက်တွေကို စင်္ကာပူကတင်သွင်းတာဖြစ်ပါတယ်။ 3D ရုပ်ရှင်ရုံမှာ 3D ရော 2D ရောပြလို့ရပါတယ်။ Setting ကတော့ပြန်ပြောင်းရတာပေါ့။ 3D ဆိုတာ လူတွေကသိတော့သိကြတယ်၊ ဒါပေမဲ့ ရှင်းရှင်းလင်းလင်းမသိကြဘူး၊ 3D ဆိုတာက ကြည့်ရတာ ကြည်လင်ပြတ်သားတယ်။ အဘက်ဘက်က မြင်နေရတာကို 3D လို့ခေါ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက်စကားပြောနေတဲ့ပုံစံအတိုင်း မြင်ရပါတယ်။ အရင်ရုပ်ရှင်တွေနဲ့ကွာခြားချက်ကို ပြောရမယ်ဆိုရင် အခုမြန်မာရုပ်ရှင်တွေကို 2D လို့ပြောနိုင်ပါတယ်။ 2D ရုပ်ရှင်က အရှည့်တည့်တည့်ကနေ နံရံမှာကပ်ထားပြီးလှုပ်ရှားနေတဲ့ပုံစံ ဖြစ်ပါတယ်။ ယှဉ်ကြည့်လိုက်ရင် အသက် သိပ်မဝင်သလိုပါပဲ။ အရင်တုန်းကတော့ 2D ရုပ်ရှင်ကိုသာ ကြည့်ကြရပါတယ်။ အခုနောက်ပိုင်းမှ 3D တွေပေါ်လာတာကြောင့် နည်းပညာ ကွာသွားမှန်း အရမ်းသိသာလာပါတယ်။ အခု 3D TV တွေမှာ မျက်မှန်မပါဘဲ အသုံးပြုလို့ရတာတွေ ပေါ်လာပါတယ်။ 3D ရုပ်ရှင်ကို ရုပ်ရှင်ရုံမှာကြည့်မယ်ဆိုရင်တော့ မျက်မှန်မပါရင်မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ Effect က သူတို့မှာသတ်မှတ်ထားတာရှိပါတယ်။ တချို့ 3D TV တွေမှာ အကွာအဝေးကန့်သတ်ချက်တွေ ရှိပါတယ်။ သတ်မှတ်အကွာအဝေးထက်ကျော်လွန်ရင် မရနိုင်ပါဘူး။ 3D ရုပ်ရှင်ရုံတွေပေါ်လာတော့ ကြည့်ရှုသူတွေအနေနဲ့ ဘာကိုအားသန်သလဲဆိုတာ ပြောရခက်ပါတယ်။ အဓိကတော့ 2D ရယ် 3D ရယ်လို့ မဟုတ်ပါဘူး။ တချို့ကလဲ 2D ကားပဲ ကြိုက်ကြပါတယ်၊ မင်းသားလည်းကောင်းမယ်၊ ဟာသကားလေးလည်းဖြစ်မယ်ဆိုရင်တော့ လူတွေကစိတ်ဝင်စားကြပါတယ်။ 3D ရုပ်ရှင်ကြည့်ရှုသူတွေက လူတန်းစားအစုံဖြစ်ပါတယ်။ ရန်ကုန်မှာ 3D ရုပ်ရှင်ရုံ 3 ရုံရှိပါတယ်။ ရုပ်ရှင်ရုံမှာ လူအများနဲ့ကြည့်ရတာရယ်၊ အိမ်မှာကြည့်ရတာရယ် ဘယ်လိုကွာခြားလဲဆိုရင် ရုပ်ရှင်ရုံမှာကြည့်တာက Screen ကြီးတဲ့အတွက် ခံစားမှုခြင်း မတူပါဘူး။ 3D ရုပ်ရှင် ပိတ်ကားက Silver အရောင်ဖြစ်ပြီး 3D အတွက် Sanyo ကထုတ်လုပ်ထားတာဖြစ်ပါတယ်။ 3D မျက်မှန်တပ်ရတဲ့အတွက် မျက်လုံးကိုရောထိခိုက်မှု မရှိပါဘူး၊ သဘာဝအတိုင်းပါပဲ လို့ Taw Win Centre က Assistant Manager ကိုမျိုးအောင်မှ ရှင်းပြသွားခဲ့ပါတယ်။

## Junction Cineplex




Junction Square မှာ ရုပ်ရှင်ရုံ 3 ရုံရှိပါတယ်။ 3 ရုံရှိတဲ့အနက် 2 ရုံမှာက 169 ခုံစီပါဝင်ပြီး ကျန်တစ်ရုံမှာတော့ 201 ခုံ ပါဝင်ပါတယ်။ Junction Square ရုပ်ရှင်ရုံ 3 ရုံမှာ နိုင်ငံတကာ အဆင့်မီ Kinoton Film Projector များ၊ တစ်ရုံတွင် နောက်ဆုံးပေါ် Barco 3D Digital Projector တို့ကို တပ်ဆင်အသုံးပြုထားပါတယ်။ အသံစနစ်ဆိုရင်လည်း နိုင်ငံတကာအဆင့်မီ Digital Dolby Surround ပတ်လည်အသံစနစ်ကိုအသုံးပြုထားပြီး Silver Screen ပိတ်ကားကို ထည့်သွင်းထားသောကြောင့် ရုပ်သံအရည်အသွေး အပြည့်အဝခံစားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး Shopping Center နဲ့တွဲဖက်ဖွင့်လှစ်တဲ့ ရုပ်ရှင်ရုံကတော့ Junction Mini Theatre အဆင့်မြင့်ရုပ်ရှင်ရုံဖြစ်ပါတယ်။ 2009 ခုနှစ်က Junction Nay Pyi Taw မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ထိုင်ခုံ 207 ခုံပါဝင်ပါတယ်။ 2010 ပြည့်နှစ်ရောက်တော့ ရုပ်ရှင်ရုံနှစ်ရုံပါဝင်ပြီး ထိုင်ခုံ 398 ခုံဆံ့တဲ့ Junction Cineplex အဆင့်မြင့်ရုပ်ရှင် ရုံကိုJunction Maw Tin မှာဖွင့်လှစ်ခဲ့ပါတယ်။ 2012 ခုနှစ် မတ်လ 16 ရက်မှာ ရုပ်ရှင်ရုံ 3 ရုံပါဝင်တဲ့ Junction Square ကိုဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီမှာ 201 ခုံဆံ့တဲ့ 3D ရုပ်ရှင်ရုံတစ်ရုံနဲ့ 169 ခုံဆံ့သောရုပ်ရှင်ရုံ 2 ရုံတို့ ပါဝင်ပါတယ်။ Junction Cineplex အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် International School တွေက ကျောင်းသားကျောင်းသူတွေကို အထူးလက်မှတ်နှုန်းထားများ စီစဉ်ပေးထားပါတယ်။ 3D ရုပ်ရှင်ရုံကို ဖွင့်လှစ်ရခြင်းက မြန်မာပြည်မှ ရုပ်ရှင်ချစ်ပရိသတ်များ နိုင်ငံတကာတွေမှာလို ခေတ်မီမီ၊ အဆင့်မြင့်မြင့် 3D ရုပ်ရှင်ကားများ ကြည့်ရှုနိုင်စေဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ပေးထားတာဖြစ်ကြောင်း သိရပါတယ်။ 3D ရုပ်ရှင်ရုံကို ခမ်းနားတဲ့ အပြင်အဆင်၊ အကောင်းဆုံး ရုပ်သံ အရည်အသွေး၊ သက်သောင့်သက်သာရှိတဲ့ ထိုင်ခုံများနဲ့ ရုပ်ရှင်ကြည့်ရသလို အများနဲ့မတူ တမူထူးခြားစွာခံစားလို့ရအောင် ဖွင့်လှစ်ပေးထားခြင်း ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Junction Cineplex အဆင့်မြင့်ရုပ်ရှင်ရုံများအနေဖြင့် စုစုပေါင်း 6 ရုံရှိပြီး ထိုင်ခုံအရေအတွက်များအနေဖြင့် (1144) ခုံပါဝင်ပါတယ်။ Junction Cineplex အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ကြည့်ရုံသာမက စာနယ်ဇင်းရှင်းလင်းပွဲများ (Press Meets), ကုန်ပစ္စည်းမိတ်ဆက်ပွဲများ, Seminar နှင့်Workshop များ, မွေးနေ့ပွဲများ, သီးသန့်ရုပ်ရှင်ပွဲများ (ကုမ္ပဏီဝန်ထမ်းမိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အဖွဲ့အစည်းများနှင့်ကျောင်းများအတွက်), ရုပ်ရှင်ပွဲတော်များ, ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းများ, Movie Gift Voucher (မိတ်ဆွေသူငယ်ချင်းများအတွက် လက်ဆောင်အဖြစ်ပေးနိုင်သောအစီအစဉ်




များ) စသည့်အထူး ဝန်ဆောင်မှုများလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Junction Cineplex 3D ရုပ်ရှင်ရုံမှာ ဇာတ်ကားများကို မနက် ၁၀ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ညနေ ၄ နာရီ၊ ည ၇ နာရီ၊ တစ်နေ့ လေးပွဲနှုန်းနဲ့ ပြသလျက်ရှိပြီး စနေ၊ တနင်္ဂနွေရက်များမှာ ည ၉ နာရီခွဲပွဲကိုပါ ထည့်သွင်း ပြသပေးသွားမယ်လို့ သိရပါတယ်။ လက်မှတ်ဈေးနှုန်းများကိုတော့ ၂,၀၀၀၊ ၃,၀၀၀၊ ၃,၅၀၀ နဲ့ ၉,၀၀၀ ကျပ် အသီးသီး သတ်မှတ်ထားပြီး ကြိုတင်လက်မှတ် မှာယူလိုပါက Junction Square, Junction Cineplex ရှိ ဖုန်းနံပါတ် ၀၁ - ၅၂၇-၀၅၅ သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သိရပါတယ်။



# ခင်မင်သူတွေကို iPod လက်ဆောင်ပေးချင်တယ်လို့ဆိုလာတဲ့ မော်ဒယ်ဆောင်းယွန်းစံ

Profile

ညီမနာမည်က ဆောင်းယွန်းစံပါ၊ ညီမ မော်ဘီမှာနေတာ၊ ညီမက ကွန်ပျူတာနဲ့ ကျောင်းပြီးသွားပြီ အစ်မ၊ အခု Master ဆက်တက်နေတယ်၊ ညီမ ဒီအနုပညာလောကထဲ စဝင်တာ ၂၀၁၀ ခုနှစ်၊ ၁၂ လ ပိုင်းလောက်ကပေါ့၊ နောက်ပထမဆုံး စလုပ်ဖြစ်တဲ့ပွဲကျတော့ ကိုရီးယားရုပ်တူပြိုင်ပွဲမှာ ပထမဆုံးစပြီး ပြိုင်ပွဲဝင်ဖြစ်တယ်၊ နောက်အဲဒီမှာဆုရတော့ နောက်ပိုင်း ဒီအနုပညာအလုပ်ကို ဆက်လုပ်ဖြစ်တာပါ။



**ညီမ ဆက်လက် လုပ်ဖြစ်နေတဲ့ အနုပညာလုပ်ငန်းအကြောင်း ပြောပြလို့ရမလား။**

ဟုတ်၊ ညီမအခုလက်ရှိလုပ်နေတာက VCD ရိုက်တယ်၊ နောက်ကြော်ငြာတွေလည်းရိုက်တယ်၊ နောက်ကိုမျိုးကြီးတို့ ကိုနောနော်တို့၊ နောက်ပြီး ကိုမိုးထက်ပိုင်၊ မပိုးအိစံတို့ရဲ့ တချို့သီချင်းတွေကို VCD သရုပ်ဆောင်တယ်၊ နောက်ပိုင်း ကြော်ငြာတွေ ရိုက်ဖြစ်နေပါတယ်၊ Cosmetic ကြော်ငြာတွေလည်း ရိုက်ဖို့ရှိပါတယ်။

**ညီမက ကွန်ပျူတာနဲ့ ကျောင်းပြီးတာဆိုတော့ ဘယ် major ကို ယူထားပါသလဲ။**

ညီမက ရန်ကုန် ကွန်ပျူတာတက္ကသိုလ် UCSY ကပါ အစ်မ၊ ညီမယူထားတဲ့ Major က CT (Computer Technology) ပါ အစ်မ။ ကျောင်းမှာ Programming နဲ့ Technology ဆိုပြီး ခွဲထားတယ်၊ တကယ်တမ်းပြောရရင် ညီမက Programming ကို စိတ်မဝင်စားဘူး၊ ပြီးတော့ စက်တွေကိုပြင်ရတာ ပိုစိတ်ဝင်စားတယ်၊ စက်ကိုကလိရတာ သဘောကျတယ်၊ ဖျက်တာသဘောကျတယ်၊ အဲဒါနဲ့ CT ပိုင်းကို ယူဖြစ်တာအစ်မ။

**အနုပညာနဲ့ နည်းပညာပေါင်းစပ်မှုအပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။**

အခုနည်းပညာပိုင်းတွေ တော်တော်လေး တိုးတက်လာပါတယ်၊ အရင်တုန်းကဆိုရင် black & white ပဲရှိတာလေ၊ နည်းပညာတိုးတက်လာတော့ ကာလာတွေလဲပေါ်လာတယ်လေ၊ ကိုယ်လိုချင်တဲ့ ပုံစံကိုလည်း ရအောင်လုပ်နိုင်လာတယ်၊ ပြီးတော့ နည်းပညာကိုအသုံးပြုပြီးတော့ အနုပညာဘက်မှာလည်း အဖက်ဖက်က နိုင်ငံတကာအဆင့်မီအောင် လုပ်နိုင်လာတဲ့အတွက် သဘောကျပါတယ်။

**ညီမ လက်ရှိအသုံးပြုဖြစ်နေတဲ့ ကွန်ပျူတာအကြောင်း ပြောပြပေးလို့ရမလား။**

ညီမက laptop ဆိုရင် Toshiba လည်းသုံးတယ်၊ Acer လည်း သုံးတယ်၊ အဓိကကတော့ နှစ်ခုထားတာပေါ့နော်၊ ကိုယ့်ဘာသာကိုယ် အလုပ်လုပ်ဖို့ ပြီးတော့ အနုပညာပိုင်းသုံးဖို့ ထားတာပေါ့နော်၊ Toshiba က အကြမ်းခံတယ်လေ၊ ညီမက Toshiba ကိုကျတော့ ကျောင်းနဲ့ပတ်သက်တဲ့ အလုပ်တွေကို လုပ်ရင်သုံးတယ်။ Acer ကိုကျတော့ ဓါတ်ပုံထည့်တာတို့ အနုပညာနဲ့ပတ်သက်တဲ့ အလုပ်တွေလုပ်တဲ့အခါ အသုံးပြုပါတယ်။ Tablet ကျတော့ Acer သုံးတယ်၊ Game အတွက် Tablet ပဲ သုံးဖြစ်တာများတယ်။

**ကွန်ပျူတာနဲ့ အများဆုံးသုံးတဲ့ Software က။**

ညီမ အများဆုံးသုံးဖြစ်တာကတော့ A+ Software ကိုသုံးဖြစ်တာများတယ်။ အဲဒါတော့ ကျောင်းပိုင်းပေါ့နော်။ ကျောင်းနဲ့ပတ်သက်တော့ Programming လည်း တစ်ခါတလေရေးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းနဲ့ပတ်သက်ပြီး လိုအပ်တဲ့အတွက် ညီမသုံးဖြစ်တယ်။ နည်းပညာဘက်မှာတော့ Software အနေနဲ့ Photoshop သုံးဖြစ်တယ်အစ်မ။ ကျန်တာတော့ သိပ်အများကြီးမသုံးဖြစ်ဘူး။ ဓါတ်ပုံပြင်တာလောက်ပဲ သုံးဖြစ်တယ်။ ကိုယ့်ဘာသာကိုယ် Name Card တွေထုတ်ဖြစ်တယ်။

**ညီမသုံးတဲ့ ဖုန်းအမျိုးအစားလေးက။ နောက်ပြီး သုံးဖြစ်တဲ့အကြောင်းလေး။**

ညီမသုံးတဲ့ ဖုန်းက Huawei ပါ၊ နောက် Sony Ericsson သုံးတယ်အစ်မ၊ ညီမတို့အတွက် ဆက်သွယ်မှုပိုင်းက အရေးကြီးဆုံးဆိုတော့ ဖုန်းကိုဆက်သွယ်မှုပိုင်းအတွက်သုံးပြုဖြစ်တယ်၊ ပြီးတော့ညီမက Game လည်းဝါသနာပါတယ်၊ တချို့ Game တွေ ကိုယ်ပိုင်တီထွင်ထားတာလည်း ရှိတယ်။ ကျောင်းမှာဒါတွေကို သင်တယ်ဆိုတော့ နည်းနည်းပါးပါး စမ်းကြည့်တာပေါ့။ Program ဆွဲတာကို လေ့လာကြည့်ပြီး ဖုန်းထဲမှာလည်း တစ်ခါတစ်ခါ Java Program တွေ ဆွဲတတ်တယ်။ ကိုယ့်ဘာသာကိုယ် လျှောက်စီစဉ်တာပေါ့နော်။

**အသုံးပြုဖြစ်တဲ့ Game လေးက။**

အင်း Game ကကျတော့၊ ညီမ Family Game တွေလည်း ကစားဖြစ်ပါတယ်၊ ညီမအခုလက်ရှိ ထွင်ထားတာကျတော့ Angry Bird ကိုနည်းနည်းအခြေခံပြီး ကလေးတွေဆော့လို့ရတဲ့ Game တွေ ကိုယ်ပိုင်ထွင်ထားတာရှိတယ်။ ဒီလိုပါပဲ စမ်းနေတုန်းပေါ့နော်။ ကိုယ်တိုင်လျှောက် လုပ်ကြည့်တာပါ။ နောက်ပြီးတစ်ခါတစ်ခါ သူငယ်ချင်းနဲ့တွေ့ရင် Dota ခုတ်တာလည်း လုပ်ဖြစ်ပါတယ်။

**ညီမဘယ်လိုဂိမ်းတွေ အများဆုံးသွင်းဖြစ်လဲ။**

ညီမသွင်းဖြစ်တဲ့ ဂိမ်းတွေက Scrabble လိုဂိမ်းမျိုးတွေ သွင်းဖြစ်တယ်၊ Angry Bird တော့အရမ်းကြီး မဆော့ဖြစ်ဘူး၊ Family ဂိမ်းတွေ သွင်းဖြစ်တယ်၊ နောက်ပြီးတော့ စစ်တိုက်တဲ့ ဂိမ်းတွေသွင်းဖြစ်တယ်။ ဂိမ်းတွေကို ညီမကိုယ်တိုင် သွင်းဖြစ်တာများပါတယ်၊ ညီမဘာသာ Software ရှာပြီးတော့ ညီမဘာသာ အင်တာနက်ကနေ Download လုပ်တယ်။ Family ဂိမ်းတွေကို Download လုပ်ပြီး ကိုယ့်ဖုန်းကိုယ် သွင်းတယ်၊ နာမည်ကြီး Dota ဂိမ်းတွေ ဆိုရင် Software ကိုဝယ်တယ်၊ ကိုယ့်ဘာသာကိုယ်စက်ထဲမှာ သုံးတယ်၊ ပြီးတော့မှ ညီမဖုန်းထဲကို ပြန်သွင်းဖြစ်တယ်၊ ဂိမ်းတော်တော်များများကို ကိုယ်တိုင်သွင်း ဖြစ်ပါတယ်။

**Online သုံးဖြစ်ပါသလား။ သုံးဖြစ်ရင် သုံးရတဲ့ ရည်ရွယ်ချက်လေး ပြောပြပေးပါ။**

Online သုံးဖြစ်ပါတယ် အစ်မ။ ညီမတို့ အနုပညာအတွက်လည်းလိုအပ်တယ်လေ၊ Online သုံးတဲ့ရည်ရွယ်ချက်ကတော့ အဓိက ဗဟုသုတရှာဖို့ပေါ့နော်၊ အခုခေတ်မှာ ဘာတွေတိုးတက်နေပြီလဲ၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ဖက်ရှင်ပိုင်း၊ အဲဒါတွေအတွက်လည်းလိုအပ်ပါတယ်၊ နောက်ကျောင်းနဲ့ ပတ်သက်တာတွေ သိပ်မလေ့လာဖြစ်ဘူး၊ html တွေဘယ်လိုရေးလဲ၊ Web တစ်ခုကိုဘယ်လို ဆောက်လဲ အဲဒီလောက်ဘဲ ညီမကြည့်တာများတယ်၊ ညီမ Online အဓိကသုံးဖြစ်တာက Fashion အတွက် ဘယ်လိုတိုးတက်နေပြီလဲ၊ ဘာတွေခေတ်စားလဲဆိုတာ အဓိကကြည့်ဖြစ်တယ်။

**ဝင်ကြည့်ဖြစ်တဲ့ Site လေးတွေရော ပြောပြပေးလို့ရမလား။**

ညီမဝင်ကြည့်ဖြစ်တဲ့ Site က အဓိက Myanmar Celebrity လည်းကြည့်ဖြစ်တယ်။ နောက် fashion Website တွေလည်းကြည့်တယ် အဓိကအဲဒါပဲ အစ်မ၊ အများအားဖြင့် fashion Website ကြည့်တာ များတယ်။

**facebook သုံးဖြစ်တဲ့ ရည်ရွယ်ချက်က။**

facebook ကို သူငယ်ချင်းအချင်းချင်း ဆက်သွယ်မှုရအောင်ရော၊ ပြီးတော့ ညီမရဲ့ အနုပညာ လှုပ်ရှားမှုတွေကို ပရိတ်သတ်သိစေချင်တာရော၊ ဗဟုသုတရအောင်လို့ရော သုံးဖြစ်ပါတယ်၊ သူတို့တင်ထားတဲ့စာတွေ၊ ပုံတွေက ဗဟုသုတရစေတယ်၊ ကိုယ်မသိတဲ့ အကြောင်းအရာတွေကို သိရတယ်။ အဲဒီလိုအတွက် facebook ကို အများဆုံးသုံးဖြစ်တယ်။

**Internet ဆိုတာကို ညီမအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

Internet ဆိုတာက ဆက်သွယ်ရေး Site ကြီးတစ်ခုလိုခံစားရပါတယ်၊ Internet သုံးပြီဆိုရင် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်စကားပြောလို့ရတယ်၊ နောက်ဝေးကွာနေတဲ့သူနဲ့လည်း VZO နဲ့ပြောလို့ရတယ်၊ ဆက်သွယ်ရေး Site ကြီးလို့ စိတ်ထဲမှာခံစားရတယ်။

**နည်းပညာနယ်ပယ်မှာ ညီမသဘောကျတဲ့သူရှိရင် ပြောပြပေးလို့ရမလား။**

ညီမက Hacker တွေကို သဘောကျတယ်ရှင့်၊ ဘာဖြစ်လို့လဲဆိုတော့ ညီမကိုယ်တိုင်လည်း အဲဒီလိုအရမ်းဖြစ်ချင်တယ်၊ ဖျက်ဆီးရေးပိုင်းတော့ မဟုတ်ဘူးပေါ့နော်၊ အစွန်းရောက်သွားရင်လည်း မကောင်းဘူးပေါ့၊ ညီမကအဲဒီလို ပြုပြင်ရေးပိုင်းတွေကို သဘောကျတယ်၊ သူတို့ကိုလည်း အရမ်းလေးစားတယ်၊ ညီမကိုယ်တိုင် မသိတာတွေလည်း အများကြီးရှိတယ်၊ ညီမအရမ်းသိချင်တယ်၊ အဲဒီလို ပညာရှင်တစ်ယောက်လည်း တကယ်ဖြစ်ချင်ပါတယ်။

**ညီမ SMS တွေရော သုံးဖြစ်လားမသိဘူး။**

ဟုတ်အစ်မသုံးဖြစ်ပါတယ်၊ SMS ကို အဓိကထားသုံးဖြစ်တယ်၊ ဖုန်းပြောတာထက်စာရင်ပေါ့လေ၊ ဘာဖြစ်လို့လဲဆိုတော့ ဧရိယာပြင်ပရောက်နေတာတို့ နောက်ပြီးတော့ ဖုန်းနဲ့ပြောလို့ အဆင်မပြေတာမျိုးတွေမှာဆိုရင် SMS နဲ့ အလွယ်တကူ နှိပ်ပြီးပြောလိုက်တာပဲ၊ အခုနောက်ပိုင်းက ပိုအဆင်ပြေတာပေါ့၊ ဘာလို့လဲဆိုတော့ Myanmar Font တွေပါ ရိုက်လို့ရပြီဆိုတော့လေ၊ ပိုပြီးအဆင်ပြေပါတယ်။

**အနာဂတ်မှာ ဘယ်လိုနည်းပညာမြင့်တဲ့ ပစ္စည်းတွေကို အသုံးပြုချင်ပါသလဲ။**

ဒီထက် ပိုမြန်တဲ့ Laptop တွေ သုံးချင်တယ်၊ Notebook တွေသုံးချင်တယ်၊ နောက်ပြီးတော့ကျတော့ အခုလည်းထွက်နေပါတယ် Touch သုံးလို့ရတဲ့ Notebook တွေသုံးချင်ပါတယ်၊ အခုလောလောဆယ် ညီမအဲဒါမျိုးတွေ သုံးဖို့စဉ်းစားနေတယ်၊ Touch Screen သုံးတာများလို့လား မသိဘူး၊ Keypad ထက်စာရင် Touch Screen Notebook တွေကို ပိုသဘောကျတယ်။

**ကွန်ပျူတာပစ္စည်းတွေ ဝယ်မယ်ဆိုရင် ကိုယ်တိုင်သွားဝယ်လေ့ရှိပါသလား။ ဝယ်ဖြစ်တဲ့နေရာလေး ပြောပြပေးလို့ရမလား။**

ဝယ်လေ့ရှိပါတယ် အစ်မ၊ ကိုယ့်ဘာသာကိုယ် သွားဝယ်ဖြစ်တာများတယ် အစ်မ၊ အများအားဖြင့် ပြည်တွင်းမှာ ဝယ်ဖြစ်တာများတယ်၊ ညီမ Acer ကောင်တာမှာ ဝယ်ဖြစ်တာများတယ်၊ Guarantee အတွက်လည်း အဆင်ပြေတယ်လေ၊ စက်တွေပျက်ရင် ညီမ ကိုယ့်ဘာသာကိုယ်ပြင်လေ့ရှိတယ်၊ နောက်ဆုံး ပြင်မရတော့တဲ့ အခါကျရင် ဆိုင်ပို့တဲ့အခါလည်း အဆင်ပြေတယ်၊ ဒီမှာပဲ ဝယ်ဖြစ်တယ်၊ ဟိုကမှာဝယ်ရင်တော့ အဆင်ပြေပါတယ်၊ တကယ်တမ်း ပျက်သွားတဲ့ အခါကျရင် အဆင်မပြေတော့ဘူးလေ။

**ခင်မင်သူတွေကို ပေးချင်တဲ့ လက်ဆောင်ပစ္စည်းဆိုရင် ဘာများဖြစ်မလဲ မသိဘူး။**

အဲဒါဆိုရင် iPod လေးညွှန်းချင်တယ် အစ်မ၊ အခုနောက်ပိုင်း iPod လည်း သဘောကျတယ်၊ ညီမဆိုလည်း စိတ်ညစ်တဲ့အခါမျိုးမှာ သီချင်းနားထောင်လိုက်ရင် စိတ်ကအလိုလိုပြေသွားရော၊ အဲဒါကြောင့် အရမ်းခင်တဲ့ သူငယ်ချင်းတွေကို iPod လေးလက်ဆောင်ပေးချင်ပါတယ်၊ ခင်မင်သူတွေကို ပျော်စေချင်တဲ့ ဆန္ဒနဲ့ပေါ့။

အခုလို Myanmar ICT မှ မေးသမျှကို စိတ်ရှည်စွာ ဖြေကြားပေးတဲ့ ညီမလေး ဆောင်းယွန်းစံကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။




ICT စစ်တမ်းများအရ ဝန်ဆောင်မှု အကောင်းဆုံးဆု (၂) နှစ်ဆက်တိုက်ရရှိထားသည့် အစဉ်အလာကောင်းများကို အမြဲထိန်းသိမ်းသွားပြီး After Sale Service ဝန်ဆောင်မှု အကောင်းဆုံးပေးမည့်...
Technoland
Yangon ICT Fair ( Computer & Mobile )
Tatmataw Hall - ( 11-13 May 2012 )
KONICA MINOLTA
ဗလာမပါကံစမ်းမဲနှင့်
Special Discount
ရရှိနိုင်ပါမည်။
ချက်ချင်းဝယ်၊
ချက်ချင်းသုံးလို့ရတဲ့
အင်တာနက်လိုင်း
ရောင်းပြီ . . .
ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း
ကျပ်သိန်း ( ၁၀၀ ) ဖိုး
ကံစမ်းနိုင်မယ့်အခွင့်အရေး...
ပထမဆု = ကျပ် ( သိန်း ၃၀ ) ဖိုး
ဒုတိယဆု = ကျပ် ( သိန်း ၂၀ ) ဖိုး
တတိယဆု = ကျပ် ( ၁၀ သိန်း ) ဖိုး
နှစ်သိမ့်ဆု = ကျပ် ( ၄ သိန်း ) ဖိုး
( ၁၀ ) ဆု
REDLINK
EPSON
EXCEED YOUR VISION
Buy Printer
Scanner
Projector
Get Lucky Draw
Original Man-U Traveling Bag
Laptop & Netbook
အချိုသာဆုံးဈေးနှုန်းဖြင့်
ရောင်းချပေးမည်ဖြစ်ပြီး
လက်ဆောင်ပစ္စည်းများ
ချက်ချင်းထုတ်ယူပါ...
Booth No.
C 36-C 41
Tatmataw Hall
Don't Miss
ASUS
Inspiring Innovation • Persistent Perfection
အချိုသာဆုံးဈေးနှုန်းဖြင့်
ရောင်းချပေးမည်ဖြစ်ပြီး
လက်ဆောင်ပစ္စည်းများ
ချက်ချင်းထုတ်ယူပါ...
Camera & Mobile
Tablet selection
The new iPad
1 162-170, 36th Street (mid), Kyauktada Tsp., Yangon.
Tel.: 09 730 24327, 09 730 24328, 09 730 41734, 09 730 41735.
2 189, Maha Bandoola Garden Street, Kyauktada Tsp., Yangon. | Tel.: 01 377 056, 09 731 76240.
3 151-155, Anawrahta Road, Between Barr St. & 35th St., Kyauktada Tsp., Yangon. | Tel.: 01 252 824.
4 No. 98, Inya Road, Kamaryut Township. | Tel. : 01-514 303.
5 78th Street, Bet. 39th St. & 40th St., Maha Aung Myay Tsp., Mandalay.
Tel. : 09 910 24812, 09 910 24819, 09 201 6125.
6 51, U Chit Maung Road, Bahan Township, Yangon. ( HEBER by Technoland ) | Tel. : 09 731 45164
အမြို့မြို့အနယ်နယ်မှ လက်လီအရောင်းဆိုင်ကြီးများအား
လက်ကားဈေး ဖြင့် ရောင်းချပေးနေပြီ...